# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ် (၀၉၄)


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင် ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**


ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ကို ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ခြေတော်ရင်းရှိ ပြည်သူ့ဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယနေ့ ကျင်းပသည့် နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဘာကိုပေးလှူရမလဲ တရားတော်ကို ဟောကြားတော်မူရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အလှူရှင်များနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တရားချစ်ခင်သူတော်စင်အပေါင်းတို့က ရိုသေစွာတရားတော်နာယူကြည်ညိုကြသည်။

နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရှိန်ဝင်း က “ တစ်နှစ်တာကာလအတွင်းမှာ မိမိတို့ လုပ်ဆောင်နေတဲ့ လုပ်ငန်းတွေအားလုံး အဆင်ပြေချောမွေ့ဖို့အတွက်ရယ်၊ ဗုဒ္ဓတရားတော်နဲ့အညီ နေထိုင်နိုင်အောင်ရယ် ဆရာတော်ကြီးတွေရဲ့ ဆုံးမဩဝါဒတွေအပေါ်မူတည်ပြီး မင်္ဂလာရှိတဲ့ နှစ်တစ်နှစ်ကို ဖြတ်သန်းဖို့ ရည်ရွယ်ကျင်းပတာဖြစ်ပါတယ်။ တရားပွဲဓမ္မသဘင်ကို ဆပ်ကော်မတီ ၁၂ ခုနဲ့ လုပ်ဆောင်ပါတယ်။ ကြက်ခြေနီ တပ်ဖွဲ့ဝင်တွေလည်း လုပ်အားပေး ပါဝင်သလို ပရဟိတ လုပ်အားပေးအဖွဲ့တွေလည်း လူဦးရေတစ်ထောင်လောက် ပါဝင်အားဖြည့်ထားပါတယ်။ စတုဒိသာအကျွေးအမွေး အလှူတွေကလည်း အရင်နှစ်ထက် ပိုများပါတယ်။ တရားနာသူတွေ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ဖို့အတွက် YBS ယာဉ်တွေအပြင် အငှားတက္ကစီယာဉ်တွေကိုလည်း အခမဲ့စီစဉ်ပေးထားပါတယ်” ဟု ပြောသည်။

စတုဒိသာအလှူရှင် ဦးဆန်းလင်းထွဋ် က “ Ribena ဗိုက်တာမင်စီ ကျန်းမာရေးအားဖြည့်အချိုရည် လာလှူတာပါ။ နှစ်တိုင်းနှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင်မှာ စတုဒိသာအလှူ အမြဲလာလှူပါတယ်။ လှူတဲ့ပစ္စည်းကတော့ တစ်နှစ်ထက်တစ်နှစ် မတူပါဘူး။ တစ်နှစ်ထက်တစ်နှစ်လည်း ပိုစည်ကားလာပါတယ်။ နှစ်သစ်မှာ အခုလို လှူဒါန်းခွင့်ရတဲ့အတွက်လည်း ဝမ်းသာကြည်နူးဖြစ်ရပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဘာကိုပေးလှူရမလဲ တရားတော်ကို ဟောကြားတော်မူစဉ်။

ဓာတ်ပုံ-ရဲထွဋ်






မြန်မာ့အလင်း

# လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် မြန်မာ့သမိုင်း

မြန်မာ့သမိုင်းပညာရှင် အကျော်အမော်တစ်ဦးဖြစ်သူ ပါမောက္ခ ဒေါက်တာသန်းထွန်း မိန့်ဖူးသည့် "သမိုင်းသင်တာ မအအောင်လို့" ဆိုသည့်စကားသည် သမိုင်းဘာသာရပ်နှင့် ဝေးသူများအတွက် များစွာတာသွားပြီး မြန်မာပြည်သူတို့အကြား လူသိများ ထင်ရှားသည့် စကားစု ဖြစ်ပါသည်။

မြန်မာလူမျိုးတို့ မအဖို့ရာ ကမ္ဘာ့သမိုင်းကို နားလည်ဖို့လိုသလို မြန်မာ့သမိုင်းကို ကျကျနန ဂဃနဏ သိဖို့လိုအပ်ပါသည်။ မျက်မှောက်ခေတ်ကို မျက်ခြည်ပြတ်လို့မရသလို အတိတ်ခေတ်သမိုင်းတို့ကိုလည်း မှန်မှန်ကန်ကန် သိမြင်ကြဖို့လိုပါမည်။

ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ ပညာရေးစနစ်များတွင်လည်း ကမ္ဘာ့သမိုင်းကို လေ့လာရသလို ၎င်းတို့ ဆိုင်ရာဆိုင်ရာ နိုင်ငံနှင့်လူမျိုးတို့၏ သမိုင်းများကို သင်ကြားကြရသည်။ အမှန်တော့ ကျောင်းသင်ခန်းစာများတွင်သာမက မိမိတို့၏သမိုင်း၊ ယင်းနှင့်ဆက်စပ်နေသော နိုင်ငံတကာသမိုင်း စသည်တို့ကို အလျဉ်းသင့်သလို မှတ်တမ်းတင်ရုပ်ရှင်များ၊ ဇာတ်လမ်းရုပ်ရှင်များ၊ သမိုင်းကို စိတ်ကူးနှင့် ရက်ဖောက်ဖန်တီးထားသည့် ဝတ္ထုဇာတ်လမ်းများစသည်ဖြင့် မိမိတို့ နိုင်ငံသားများကို သမိုင်းနှင့် နီးစပ်စေလေ့ရှိသည်။

သမိုင်းထဲက နိုင်ငံသူနိုင်ငံသားတို့ အားကိုးယုံကြည်ခဲ့ကြသော၊ ပြည်သူတို့ မြတ်နိုးလေးစားကြသော ခေါင်းဆောင်များကို မိမိတို့နိုင်ငံက ထုတ်လုပ်သည့် တံဆိပ်ခေါင်းများ၊ ငွေစက္ကူများပေါ်တွင် ပုံနှိပ်ရိုက်ထုတ်ကာ ဂုဏ်ပြုမှတ်တမ်းတင်ကြ၏။ မိမိတို့၏သမိုင်းနှင့် ဆက်စပ်အမှတ်ရကာ ဂုဏ်ယူကြ၏။

မော်စီတုန်း၊ ဟိုချီမင်း၊ လီနင်၊ ဘင်ဂျမင်ဖရန်ကလင်၊ နေရူး၊ မဟတ္တမဂန္ဒီ၊ အေဗရာလင်ကွန်းအစရှိသည့် ခေါင်းဆောင်တို့၏ ရုပ်ပုံများကို သက်ဆိုင်ရာ နိုင်ငံအသီးသီးတို့၏ ငွေစက္ကူများ၊ တံဆိပ်ခေါင်းများပေါ်တွင် တွေ့မြင်ရလေ့ရှိပါသည်။

ဤသို့ဖြင့် ကိုယ့်နိုင်ငံ ဖြတ်သန်းလာခဲ့သည့် သမိုင်းထဲက ဂုဏ်ယူစရာများ၊ သင်ခန်းစာယူစရာများတို့နှင့်အတူ မိမိတို့၏ အားသာချက်၊ မိမိတို့၏ အမှားအယွင်း ညံ့ဖျင်းမှုတို့ကိုပါ အမှန်အတိုင်း သိမြင်နားလည်နိုင်ကြပါမည်။ သမိုင်းသည် နိုင်ငံနှင့်လူမျိုးတို့၏ ဇာတိဂုဏ် ဝံသာနုစိတ်ဓာတ်တို့ကို မြှင့်တင်ပေးသည်မှာမှန်၏။ သို့သော်လည်း ယင်းသို့ ဖော်ထုတ်ရာတွင် အမှန်တရားကို အခြေပြုရပါသည်။ ထို့ကြောင့်ပင် သမိုင်းသည် ဘက်မလိုက်၊ ဘယ်သူ့မျက်နှာမှ မကြည့်ဟု ဆိုလေ့ရှိပါ၏။ ဘက်လိုက်သည်၊ မျက်နှာကြည့်သည်ဆိုလျှင်လည်း အမှန်တရား၏ မျက်နှာ၊ အမှန်တရားဘက်ကိုသာ ကြည့်သည်၊ လိုက်သည်ဟူ၏။

မြန်မာ့သမိုင်းတွင်လည်း ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်၊ ဖက်ဆစ်လက်အောက်ခေတ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း အဆက်ဆက်၊ လူတန်းစားအသီးသီး၏ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ၊ ပါလီမန်ဒီမိုကရေစီခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ အာဏာရှင်စနစ်ကို အမျိုးမျိုးဆန့်ကျင်ခဲ့ကြသည့် ကျောင်းသားများ၊ ပြည်သူများတို့၏ တိုက်ပွဲများ၊ ရှစ်လေးလုံးပြည်သူ့ဒီမိုကရေစီအရေးတော်ပုံ၊ တပ်မတော်အစိုးရခေတ်၊ ဒီမိုကရေစီအညွန့် ထွက်ပေါ်လာသည့်ခေတ်၊ တစ်စိတ်တစ်ပိုင်းသော ဒီမိုကရေစီအစိုးရခေတ် စသည်ဖြင့် ဖြတ်သန်းခဲ့ရသော ခေတ်အသီးသီးတို့ကို နားလည်အောင် ကြိုးစားခြင်းဖြင့် မအသော နိုင်ငံသားတို့ ဖြစ်လာပါမည်။

မြန်မာ့သမိုင်းတွင် "တစ်ခါလာ ကိုလိုနီနယ်ချဲ့၊ တစ်ခါလာ ဖက်ဆစ်တော်လှန်ရေး၊ တစ်ခါလာ အမျိုးသားခေါင်းဆောင်ကြီးများ၊ နိုင်ငံတော်လုပ်ကြံမှု၊ ကျောင်းသားတို့၏ တော်လှန်ရေးများ၊ ပြည်သူ့အရေးတော်ပုံများဟူ၍ တွင်တွင်ဆိုနေသည်၊ တွင်တွင်ပြောနေသည် တို့" တော်သင့်ပြီဟု ပြည်သူတို့ကို အ နေစေလိုသူတို့က ဆိုလေ့ရှိ၏။ ထိုသို့ဆိုသူတို့က သမိုင်းကို လျှော့ပေါ့ချင်၊ သမိုင်းကို ဖုံးကွယ်ချင်၊ သမိုင်းကိုပုံစံပြောင်းချင် စသည်ဖြင့် ကြိုးစားခဲ့ကြသည့် အစဉ်အလာတို့လည်း ရှိခဲ့ပါသည်။

မကြာလှသေးဟု ဆိုရမည့် မြန်မာ့လွတ်လပ်ရေးသမိုင်း၊ ပြည်တွင်းစစ်သမိုင်း၊ ဒီမိုကရေစီအရေးတော်ပုံသမိုင်းတို့တွင် ဖုံးကွယ်ထားသည်များ၊ ပြင်ဆင်ရေးသားထားသည်များတို့ ရောယှက်နေခြင်းကို ဖြတ်သန်းခဲ့သူတို့ကိုယ်တိုင် ထုတ်ဖော်ကြသည်တို့ကို သိမြင်နေရပါသည်။ အမှန်တော့ သမိုင်းဆိုသည်မှာ ဖုံးကွယ်လို့ရသည်မဟုတ်။ လှည့်ဖြားပြင်ဆင်ရေးသားလို့ ရသည်မဟုတ်။ မည်သို့ပင် ဖုံးကွယ်ဖျောက်ဖျက်ထားသည်ဖြစ်စေ ပြည်သူလူထုက မှတ်တမ်းတင် ဖော်ထုတ်ခြင်းဖြင့် သမိုင်းအမှန်ကိုရမည် ဖြစ်ပါသည်။

မြန်မာ့လွတ်လပ်ရေးသမိုင်းမှသည် ပြည်သူတို့၏ ခေတ်အဆက်ဆက်လှုပ်ရှားမှုအဖုံဖုံတို့ မှန်မှန်ကန်ကန် စနစ်တကျ မှတ်တမ်းရေးသားပြုစုရင်း မြန်မာ့လွတ်လပ်ရေး၊ မြန်မာ့ဒီမိုကရေစီရေး အရေးတော်ပုံများကို ဂုဏ်ပြုသင့်ပါကြောင်း (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုအဖြစ် တင်ပြလိုက်ရပါသည်။

## ၂၀၂၀ ပြည့်နှစ်၊ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား" ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဦးစားပေးလုပ်ဆောင်ရေး၊

၃။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

၄။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့် အရည်အသွေးမြင့်မားလာစေမည့် ပတ်ဝန်းကျင် ကောင်းများ ဖန်တီးတည်ဆောက်ရေး၊

၅။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ဖြစ်ပေါ်လာရေး၊

## နှစ်သစ်ကူးအထိမ်းအမှတ် တက္ကသိုလ်ကင်းထောက်လူငယ်များ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ ဦးဆောင်မှုဖြင့် နှစ်သစ်ကူးအထိမ်းအမှတ် ကင်းထောက်လူငယ်များ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံကြီး အမျိုးသားသွေးဌာန၌ ပြုလုပ်ရာ **(အောက်ပုံ)** မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ အမျိုးသားကင်းထောက်ချုပ်ဒေါက်တာတင်ညို၊ ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်၊ ကင်းထောက်သင်တန်းမှူးချုပ် ဦးမြင့်ဆွေနှင့် ကင်းထောက်ကြီးများ၊ တက္ကသိုလ်ကင်းထောက်လူငယ်များ တက်ရောက်ကြသည်။

ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးဌာနတွင် လိုအပ်လျက်ရှိသော သွေးများအတွက် ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့မှ တက္ကသိုလ်ကင်းထောက်မောင်မယ်များက သွေးများလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပျဉ်းမနားမြို့နယ်၌ နှစ်သစ်တရားစခန်း ဖွင့်မည်

**ပျဉ်းမနား ဇန်နဝါရီ ၁**

ဇောဓိရိပ်ငြိမ်တောရဆရာတော်ဘုရားကြီးက နှစ်သစ်မင်္ဂလာဝိပဿနာတရားစခန်းကို ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ပျဉ်းမနားမြို့နယ် လက်လုပ်တောင် ရွှေနန်းသွင်းစေတီတော်ရှိ ခေါင်နန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ တရားစခန်း ပထမဆုံးနေ့ဖြစ်သော ဇန်နဝါရီ ၁ ရက်တွင် တရားကျင့်ဖော် ယောဂီဒည့်ပရိသတ် ၁၀၀၀ ကျော်တို့ လာရောက်၍ တရားနာယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သန်လျင်၌ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လူငယ်နှင့်ငြိမ်းချမ်းရေး"စကားဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် "လူငယ်နှင့်ငြိမ်းချမ်းရေး" စကားဝိုင်းဆွေးနွေးပွဲအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သန်လျင်မြို့နယ် လူငယ်လုပ်ငန်းအဖွဲ့က စီစဉ်ဆောင်ရွက်ကာ ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) မွန်းတည့် ၁၂ နာရီတွင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ ကြာကန်ဗိမာန်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စကားဝိုင်း ဆွေးနွေးပွဲအား ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ပြည်ထောင်စုကိုယ်စားလှယ် ကိုထက်ပိုင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ သန်လျင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်တာဝန်ခံ မောင်ဝင်းကိုတို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ မိတ်ဆက်ရှင်းလင်းခြင်းနှင့် "လူငယ်နှင့်ငြိမ်းချမ်းရေး" စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## တပ်ကုန်းမြို့နယ်၌ စာပေဟောပြောပွဲ ကျင်းပမည်

**တပ်ကုန်း ဇန်နဝါရီ ၁**

တပ်ကုန်းမြို့ စာရေးဆရာအသင်းက ကြီးမှူး၍ စာပေဆုနှင်းပွဲနှင့်စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက် ည ၇ နာရီတွင် အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောမည့် စာရေးဆရာများမှာ စာရေးဆရာ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ စာရေးဆရာ ဝေလွင်မောင်နှင့် စာရေးဆရာမ ဆွေဇင်ထိုက်(သရုပ်ဆောင်) တို့က စာပေရေးရာများ ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

**သောင်းကိုကို**

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးရွာမည်။ **မိုး/ဇလ**

## သတိပေးနှိုးဆော်ချက်

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ပွဲ အခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် ၂-၁-၂၀၂၀ ရက်နေ့နှင့် အခမ်းအနားကျင်းပမည့် ၄-၁-၂၀၂၀ ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဒည့်ရိပ်သာ မီးပွိုင့်မှ သပြေကုန်းဈေးထောင့် လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုများအား နံနက်(၀၂၀၀)အချိန်မှ (၀၉၀၀)အချိန်အထိ ခေတ္တလမ်းပိတ် / လမ်းလွှဲ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ယာဉ်အသုံးပြုသွားလာနေကြသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဒည့်ရိပ်သာ မီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့ လည်းကောင်း၊ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ရောဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ကျင်းပစဉ်။

*** ရှေ့ဖုံးမှ**

နှစ်တိုင်းလည်း လှူသွားမှာပါ ” ဟု ပြောသည်။

နှစ်သစ်ကူးတရားအလှူတော်သို့ တရားနာလာရောက်သည့် သမိုင်းခဝဲခြံမှ ဒေါ်ခင်ခင်စော က “နှစ်ကူးတရားပွဲကို နှစ်တိုင်းတရားနာလာပါတယ်။ ရပ်ကွက်ထဲက ဓမ္မမိတ်ဆွေတွေလည်း ပါပါတယ်။ အခုလို နှစ်သစ်ကူးမှာ ထေရ်ကြီးဝါကြီးဆရာတော်ကြီးတွေ ရဲ့ တရားတော်ကို နားကြားခွင့်ရတဲ့အတွက် အင်မတန်မှ ကုသိုလ်တွေလည်း ရပါတယ်။ တရားပွဲစီစဉ်တဲ့ သူတွေကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ နောက်ရက်တွေလည်း တရားနာလာဦးမှာပါ။ နှစ်စဉ်နှစ်တိုင်းလည်း အခုလို တရားပွဲကြီးတွေ ပြုလုပ်နိုင်ပါစေလို့လည်း ဆုတောင်းပါတယ်” ဟု ပြောသည်။

ယနေ့ ကျင်းပသည့် နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်တွင် ဆံတော်ပွား ငါးဆူ၊ အံတော်ပွား လေးဆူနှင့် စေတီ ခြောက်ဆူတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက တရားနာလာယူကြသည့် ပရိသတ်များအား ကံစမ်းမဲဖောက်ကာ မဲပေါက်သူများအား ပေးအပ်လှူဒါန်းသည်။

ထို့ပြင် ဆရာတော်ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ဝိသာခါ ဖောင်ဒေးရှင်းနှင့် လေးကျွန်းသူဖောင်ဒေးရှင်းတို့မှ ပေးအပ်လှူဒါန်းသည့် ကျောက်စီပန်းချီကားနှင့် ဗုဒ္ဓဂယာပန်းချီကားများအား ပေးအပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသည့် နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်သို့ တရားနာယူရန် လာရောက်ကြသည့် တရားနာပရိသတ် ရှစ်သောင်းကျော်ရှိပြီး တရားဓမ္မသဘင်တွင် အလှူရှင်များက ကော်ဖီ၊ မုန့်၊ အချိုရည်၊ သောက်ရေသန့်များကို စတုဒိသာလှူဒါန်းကြပြီး တရားနာလာသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် ကြိုပို့ယာဉ်များကိုလည်း အခမဲ့စီစဉ်ပေးထားကြောင်း သိရသည်။

အဆိုပါ နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်ကို ယနေ့မှ စတင်ကာ ဇန်နဝါရီ ၃ ရက်အထိ သုံးရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၂ရက် (ကြာသပတေးနေ့) တွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ဇန်နဝါရီ ၃ ရက် (သောကြာနေ့) တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရတို့က နှစ်သစ်ကူးတရားရေအေး အမြိုက်ဆေး တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ရဲထွန်း**

# ဖလမ်းမြို့ ဆူရ်ဘုန်လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ချင်းပြည်နယ် ဖလမ်းမြို့တွင် တည်ဆောက်လျက်ရှိသည် ဆူရ်ဘုန်လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ဒီဇင်ဘာ ၂၉ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဆူရ်ဘုန်လေဆိပ် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ခံ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ဆူရ်ဘုန်လေဆိပ် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ပါဝါပွိုင့်ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည့် လုပ်ငန်းညှိနှိုင်း ဖြည့်ဆည်းမှုများနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများအား ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဖလမ်းမြို့ ဆူရ်ဘုန်လေယာဉ်ကွင်းတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် အတူ လေဆိပ်တည်ဆောက်ရေးလုပ်ငန်းခွင်၊ ပေ ၆၀၀၀ အမြင့်ရှိလေကြောင်းထိန်းမျှော်စင်နှင့် တွဲလျက်တည်ဆောက်ထားသည့် မီးသတ်အဆောက်အဦ၊ DVOR အတွက် Structure Found-ataion လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

### ဒေသဖွံ့ဖြိုးရေးအတွက်တည်ဆောက်

ဖလမ်း(ဆူရ်ဘုန်) လေဆိပ်သစ် တည်ဆောက်ခြင်း ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် လေယာဉ်ကွင်း ၆၉ ကွင်းရှိပြီး အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခုနှင့် ပြည်တွင်းလေဆိပ် ၃၁ ခုအား လက်ရှိ အသုံးပြုနေပြီး တောင်တန်းထူထပ်၍ သွားလာရခက်ခဲသော ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် လေဆိပ်တစ်ခု တည်ဆောက်သွားရန် ဖြစ်သည်။

### လာရောက်လည်ပတ်နိုင်

လေယာဉ်ကွင်း မရှိသေးသည့် ချင်းပြည်နယ်တွင် ယခုဆောင်ရွက်လျက်ရှိသည့် ဆူရ်ဘုန်လေဆိပ်သစ် တည်ဆောက်ပြီးစီးပါက ချင်းပြည်နယ်၏ လေကြောင်းဝင်ပေါက် (Gateway of Chin State) အဖြစ် ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်တွင်း/ပြည်ပခရီးသွားဧည့်သည်များ ချင်းပြည်နယ်သို့ အချိန်တိုတိုအတွင်း လာရောက်လည်ပတ်နိုင်ပြီး ချင်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများ ချင်းပြည်နယ်မှ မြန်မာနိုင်ငံရှိ ဒေသအနှံ့အပြားသို့ လွယ်ကူလျင်မြန်စွာသွားလာနိုင်ရန် ဖြစ်သည်။

ဖလမ်းလေဆိပ်သည် ချင်းပြည်နယ်၏ အလယ်ပိုင်းတွင် တည်ရှိပြီး ဖလမ်းလေဆိပ်မှ ဖလမ်းမြို့၊ လုံပီးတောင်၊ ဟားခါး၊ ထန်တလန်၊ တီးတိန်၊ ရိဒ်ရေကန် စသည့် ချင်းပြည်နယ်ရှိမြို့များမှ ဖလမ်းလေဆိပ်နှင့် ချိတ်ဆက်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်လေဆိပ်များသို့ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်ရန်တို့ ဖြစ်သည်။

### အချိန်အဟုန်ဖြင့် ဆောင်ရွက်

ဖလမ်း(ဆူရ်ဘုန်) လေဆိပ်သစ် တည်ဆောက်ရေး စီမံကိန်းအား နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၂၀ - ၂၀၂၁ ခု ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းများပြီးစီး၍ ATR-72 လေယာဉ်များ ဆင်း/တက် အသုံးပြုနိုင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏လမ်းညွှန်မှု၊ ချင်းပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အချိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ညောင်ဦးမြို့နယ်အတွင်းရှိ စိုက်ခင်းများနှင့် ပလင်းကမ်းသာယာဆင်စခန်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ စိမ်းလန်းစိုပြည်ရေးစိုက်ခင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းနှင့် ပလင်းကမ်းသာယာ ဆင်စခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့နယ် မြေသင်းတွင်းကြိုးပြင်ကာကွယ်တောအတွင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တည်ထောင်စိုက်ပျိုးဆောင်ရွက်သည့် တောထိန်းဧရိယာ အထူးစိမ်းလန်းစိုပြည်ရေး ကွက်လပ်ဖြည့်စိုက်ခင်း(၆/၂၀၁၉)ကို ကြည့်ရှုစစ်ဆေးပြီး ရာသီဥတုပြောင်းလဲမှုနှင့်အတူ သစ်ပင်စိုက်ပျိုးနည်းစနစ်များ လိုက်လျောညီထွေမှုရှိစေရေး ဂရုပြုဆောင်ရွက်ရန်၊ စိုက်ပျိုးသည့်သစ်မျိုး၊ စိုက်ပျိုးနည်းစနစ်၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိမှု၊ ရောဂါဒဏ်ခံနိုင်ရည်ရှိမှုနှင့် ရှင်ပင်ရာခိုင်နှုန်းတို့ကို စနစ်တကျမှတ်တမ်းတင်ထားရှိ၍ သုတေသနပြုဆောင်ရွက်ရန်၊ ပျိုးပင်များ ရှင်သန်ကြီးထွားမှုကို စနစ်တကျ သုတေသနပြုဆောင်ရွက်နိုင်ရေးအတွက် စိုက်ခင်းအတွင်း အမြဲတမ်းနမူနာကွက်များ ချမှတ်ဆောင်ရွက်ရန်၊ ပျိုးပင်များ ကျန်းမာကြံ့ခိုင်မှုရှိစေရေး ပျိုးဥယျာဉ်လုပ်ငန်းစဉ်အဆင့်ဆင့်ကို အထူးအလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့နယ် ဇီးအိုကြိုးပြင်ကာကွယ်တောအတွင်း ထိန်းသိမ်းထားရှိသည့် အင်ကြင်းတော၊ ပလင်းကျေးရွာအနီး စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ချင်းတွင်းဖောင်ဖွဲ့ရေးဒေသက တည်ထောင်ဖွင့်လှစ်သည့် ပလင်းကမ်းသာယာဆင်စခန်း၌ ဆင်ပြတိုက်တည်ဆောက်မှုနှင့် လေညင်းခံဆိပ်ခံဇောတံတား တည်ဆောက်ခြင်းလုပ်ငန်း၊ ထက်လန်းကန်နှင့် လက်ထုတ်ကျေးရွာတို့၌ သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ သစ်တောလုပ်ငန်းမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**



အဆိုပါ ဒေသခံပြည်သူအစုအဖွဲ့ပိုင် စိုက်ခင်းစီမံကိန်းကို ၂၀၁၇ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၉ခုနှစ်အထိ သုံးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည်။ ယင်းစီမံကိန်းသည် ညောင်ဦးမြို့နယ်အတွင်းရှိ ထက်လန်းကန်နှင့် လက်ထုတ်ကျေးရွာ ဒေသခံများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ထင်း၊ တိုင်၊ မျောနှင့် သစ်များ ထောက်ပံ့ရန်၊ သစ်တောထိန်းသိမ်းခြင်းနှင့် ပြုစုခြင်းလုပ်ငန်းများတွင် ဒေသခံများ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ပဲခူးမြစ်ကူးတံတားနှင့် ငမိုးရိပ်ချောင်းကူးတံတား တည်ဆောက်နေမှုများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ဒီဇင်ဘာ ၃၁ ရက် နံနက်က တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ လှည်းကူးမြို့နယ် ပဲခူးမြစ်ကူးတံတား ဒါးပိန်–သပြု ရန်ကုန်လှည်းကူးဘက်အခြမ်း တည်ဆောက်နေမှုများနှင့် ငမိုးရိပ်ချောင်းကူးတံတားများ တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြစ်ကူးတံတား ဒါးပိန်–သပြု တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၁၀)က တာဝန်ရှိသူများမှ ပဲခူးမြစ်ကူးတံတား ဒါးပိန်–သပြု တည်ဆောက်နေသည့် လုပ်ငန်းအခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးဘက်အခြမ်း တာဝန်ခံနှင့် ပဲခူးတိုင်းဒေသကြီး တာဝန်ခံတို့က မိမိတို့ တာဝန်ယူဆောင်ရွက်နေရသည့် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တံတားကြံ့ခိုင်မှု အရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်ကြရန် မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါတံတားသည် ရန်ကုန်တိုင်းဒေသကြီး ဆားတလင်း–ဒါးပိန်–ကျွဲကူးဆိပ်လမ်းနှင့် ပဲခူးတိုင်းဒေသကြီး သပြု–ရှမ်းကံ–ကဝလမ်းအား ဆက်သွယ်၍ တံတားအရှည် ပေ ၁၀၅၀၊ ယာဉ်သွားလမ်း ၂၈ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် ၃ ပေ ၃ လက်မစီ ပါဝင်သည့် နှစ်လမ်းသွား သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ခွင့်ပြုရန်ပုံငွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ရန်ပုံငွေများဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ လှည်းကူးမြို့နယ်အတွင်း တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တံတားအထူးအဖွဲ့ (၁၁)မှ တည်ဆောက်ပြီးစီးခဲ့သည့် အရှည် ပေ ၂၄၀၊ ယာဉ်သွားလမ်းအကျယ် ၁၈ ပေရှိ ဂျုံးဂျုံးကျေးရွာနှင့် ဘိုးရင်ကလေးကျေးရွာ ငမိုးရိပ်ချောင်းကူးတံတား၊ အရှည် ပေ ၂၄၀၊ ယာဉ်သွားလမ်းအကျယ် ၁၈ ပေ၊ ရေသွားလမ်းကင်းလွတ်နယ် ၁၃ ပေရှိ တည်ဆောက်လျက်ရှိသည့် ဘိုးရင်ကလေး–ကင်ပွန်းချုံ ငမိုးရိပ်ချောင်းကူးတံတားနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်မည့် အရှည် ပေ ၂၂၀၊ ယာဉ်သွားလမ်းအကျယ် ပေ၂၀ ရှိ ဥယျာဉ်ဝ–မြေစေးအိုင် ငမိုးရိပ်ချောင်းကူး ကွန်ကရစ်တံတား တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် / ဆက်)**

# ဖက်ဆစ်တော်လှန်ရေးကာလ ဗိုလ်ချုပ်အောင်ဆန်း ခေတ္တနားခိုခဲ့သည့်ဇရပ်ကို ပြန်လည်ပြုပြင်

**ရွှေတောင် ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တာဝန်ရှိသူများနှင့်အတူ ရွှေတောင်မြို့နယ် မယားမာန်ကျေးရွာတွင် ဖက်ဆစ်တော်လှန်ရေးကာလ ဗိုလ်ချုပ်အောင်ဆန်း ခေတ္တနားခိုခဲ့သည့် ဦးချစ်–ဒေါ်ရှင် ဆောက်လုပ်လှူဒါန်းထားသော သစ်သားဇရပ်အား ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါဇရပ် ပြန်လည်ပြုပြင်မွမ်းမံခဲ့ခြင်း၊ ရှေ့ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

အဆိုပါဇရပ်သည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မယားမာန်ကျေးရွာအုပ်စု မယားမာန်ကျေးရွာ ရွှေနတ်တောင်စေတီတော်မြတ်ကြီး၏ အောက်ခြေရင်ပြင်တွင်ရှိပြီး ထိုခေတ်က လာရောက်ကြသည့် အရာရှိအရာခံများ စခန်းချလေ့ရှိသော အဆောက်အအုံလည်းဖြစ်သည်။ စစ်ဖြစ်သည့်အခါ ပြည်မြို့မှ အရေးပိုင်ဖြစ်သည့် ပန်းတောင်းသား ဦးထွန်းဖေသည် မြို့ပေါ်တွင် မနေရဲသဖြင့် ဤဗိုလ်တဲဇရပ်သို့ လာရောက်ရုံးထိုင်ခဲ့ခြင်း၊ ဖက်ဆစ်တော်လှန်ရေး မစတင်မီ အရေးပိုင်ရုံးအဖြစ် အသုံးပြုခဲ့ခြင်းများ ပြုလုပ်ခဲ့သည့်အပြင် ၁၉၄၅ ခုနှစ် မတ် ၂၆ ရက် (၁၃၀၆ ခုနှစ် တန်ခူးလဆန်း ၁၄ ရက်၊ တနင်္လာနေ့) တွင် ဗိုလ်ချုပ်အောင်ဆန်း နားခိုခဲ့သည့် ဖက်ဆစ်တို့အား စတင်တော်လှန်ရန် တစ်နိုင်ငံလုံးသို့ ကြေညာရန်အတွက် အစပျိုးခဲ့သည့် နေရာလည်းဖြစ်ကြောင်း သိရသည်။

ဤဇရပ်သို့ ဗိုလ်ချုပ်အောင်ဆန်း လာရောက် တည်းခိုခြင်းသည် ဖက်ဆစ်တော်လှန်ရေးအတွက် အခြေအနေကောင်းတစ်ရပ်ကို ရရှိအသုံးချနိုင်ခဲ့ခြင်းဖြစ်ပြီး ဤဇရပ်သို့ ရောက်ရှိမလာခဲ့နိုင်ပါက တော်လှန်ရေးအောင်မြင်ရန် အခက်အခဲများ ရှိသွားနိုင်ကြောင်း၊ သို့ဖြစ်၍ ဤဇရပ်လေးသည် ဖက်ဆစ်တော်လှန်ရေး အစပြုတော့မည့်အချိန်တွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ခဲ့သောကြောင့် သမိုင်းဝင်ဇရပ်အဖြစ် မှတ်တမ်းတင်ထားရှိကြောင်း အဆိုပါဇရပ်ရှေ့တွင် ရေးသားပြသထားသည့် မှတ်တမ်းအရ သိရှိရသည်။

ယခုအခါ အဆိုပါဇရပ်အား ၂၀၁၈–၂၀၁၉ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေ ကျပ် ၁၇၅ သိန်းဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ မူလပုံစံမပျက်စီးစေဘဲ ပြန်လည်မွမ်းမံ ပြုပြင်ထိန်းသိမ်းထားရှိခြင်း၊ ဇရပ်ဝင်းအတွင်း ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်တုပုံတူ ထုလုပ်ထားရှိခြင်း၊ သမိုင်းအထောက်အထား ကမ္ပည်းကျောက်စာ စိုက်ထူထားခြင်းများအပြင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည်များကို အများပြည်သူ လာရောက်လေ့လာနိုင်ရန်အတွက် Event Museum အဖြစ် ဖွင့်လှစ်နိုင်ရေး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဒေသခံ ရပ်မိရပ်ဖ ပြည်သူများ၏ အကူအညီရယူပြီး ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီမြင့်ထွန်း၏ ပြောပြချက်အရ သိရသည်။

**တင်စိုး(ပဲခူး)**





# မန္တလေးတက္ကသိုလ်တွင် သံဃာအပါး ၅၀၀ သံဃဒါန ဆွမ်းလောင်းပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးတက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ် မေတ္တာမျက်ဝန်း လူငယ်ပရဟိတဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် သံဃာအပါး (၅၀၀) သံဃဒါနဆွမ်းလောင်းပွဲကို မန္တလေးတက္ကသိုလ် ပင်မဆောင်မျက်နှာစာ၌ ယနေ့ နံနက် ၇ နာရီတွင် စတင်ကျင်းပရာ ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအရှင်ဇောတိက၊ IBEC ဆရာတော် ဒေါက်တာအရှင်သောဘိတ စတော့ဟုမ်း ငြိမ်းချမ်းရေးဆုရှင်၊ ဝိဘဇ္ဇဝါဒီဆရာတော် ဘဒ္ဒန္တနန္ဒသာရ ဆရာတော်များ ဦးဆောင်၍ IBEC ကျောင်းတိုက်၊ ဓမ္မရေဝါဆိုကျောင်းတိုက်၊ ဓမ္မရေဘာသန္တရကောလိပ်၊ မဟာမြိုင်ကျောင်းတိုက်၊ ဥယျာဉ်ပရိယတ္တိစာသင်တိုက်၊ ဝိဘဇ္ဇဝါဒီ ကျောင်းတိုက်တို့မှ သံဃာတော်များ ကြွရောက်တော်မူကြသည်။

အဆိုပါ ဆွမ်းလောင်းလှူပွဲသို့ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဆောင်သော ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ မန္တလေးတက္ကသိုလ် မေတ္တာမျက်ဝန်း လူငယ်ပရဟိတဖောင်ဒေးရှင်း အသင်းသားများ၊ အလှူရှင်များ လာရောက်၍ သံဃာတော်များအား ဆွမ်း၊ လှူဖွယ်ပစ္စည်းမျိုးစုံတို့ဖြင့် လောင်းလှူခဲ့ကြသည်။ (ဓာတ်ပုံ)

**တင်မောင်(မန်းကိုယ်ပွား)**

# နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများတွင် ပြည်တွင်း ပြည်ပ ခရီးသွားများဖြင့်စည်ကား

မန္တလေး ဇန်နဝါရီ ၁

**နိုင်ငံတော်မှ သတ်မှတ်ပေးထားသည့် နှစ်သစ်ကူးရုံးပိတ်ရက်များဖြစ်သော ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်နေ့တို့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများတွင် လာရောက်ဘုရားဖူးလေ့လာကြသည့် ပြည်တွင်း ပြည်ပ ခရီးသွားများ၊ ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိသည်။**

အဆိုပါ ခရီးသွားများသည် နံနက်ပိုင်း၌ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် မဟာမုနိရုပ်ရှင်တော်၊ ကျောက်တော်ကြီး၊ ရွှေကျီးမြင်ဘုရား၊ ကုသိုလ်တော်ဘုရားများနှင့် အောင်တော်မူဘုရားများသို့ အများဆုံး သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မွန်းလွဲပိုင်းတွင် မန္တလေးမြို့တွင်းရှိ အထင်ကရ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဒေသများဖြစ်ကြသည့် ရွှေကျောင်းကြီး၊ နန်းမြို့တွင်းနှင့် အင်းဝဒေသများသို့ သွားရောက်လေ့လာ၍ မှတ်တမ်းဓာတ်ပုံများ ရိုက်ကြကာ ညနေပိုင်းတွင် ဦးပိန်တံတားနှင့် မန္တလေးတောင်ပေါ် ဘုရားများသို့ သွားရောက်၍ နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားကြသည်။

“မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် ရောက်ခဲ့တာပါ။ ရန်ကုန်၊ ပုဂံ၊ မန္တလေးနဲ့ အင်းလေးဘက်ကို သွားရောက်လေ့လာမှာပါ။ ရန်ကုန်နဲ့ ပုဂံကိုတော့ ရောက်ခဲ့ပြီးပါပြီ။ ပုဂံက ဘုရားတွေရဲ့ ဗိသုကာလက်ရာတွေက အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဒီဦးပိန်တံတားကို အဆုံးထိ လျှောက်ပြီး ညနေခင်းမှာ နေဝင်ချိန်ကို စောင့်ကြည့်ဖို့ စိတ်ကူးထားပါတယ်။ ဒီနေရာလေးဟာ သာယာတဲ့နေရာလေးပါ။ ကျွန်တော်တို့နိုင်ငံကို ပြန်ရောက်ရင် အသိမိတ်ဆွေတွေကို မြန်မာနိုင်ငံကို သွားရောက်လည်ပတ်ဖို့ ပြောပြမယ်။ မန္တလေးမြို့ ဒေသခံပြည်သူတွေရဲ့ အပြုံးနဲ့ ဧည့်ဝတ်ကျေပွန်မှုကို ကျေနပ်တဲ့အတွက် နောက်တစ်ခါ ပြန်လာနိုင်ဖို့ ကြိုးစားသွားပါမယ်”ဟု ဦးပိန်တံတားသို့ လာရောက်လည်ပတ်သူ အီတလီနိုင်ငံသားတစ်ဦးက ပြောသည်။

ထို့ပြင် နေပြည်တော်မှ မန္တလေးမြို့သို့ မိသားစုဖြင့် လာရောက်လည်ပတ်သည့် ဦးအောင်မြင့်ကလည်း “ဒီဇင်ဘာကျောင်းပိတ်ရက်နဲ့ ဝန်ထမ်းတွေအတွက် ခံစားခွင့်ပေးထားတဲ့ နှစ်သစ်ကူး ရုံးပိတ်ရက်ကာလမှာ မိသားစုကုသိုလ်ယူရင်း ကလေးတွေ ဗဟုသုတရရှိဖို့ မန္တလေးမြို့ကို ခရီးထွက်ခဲ့တာပါ။ မနေ့က ရောက်ရောက်ချင်းမှာ ဘုရားကြီးနဲ့ မန္တလေးတောင်ခြေမှာရှိတဲ့ ဘုရားတွေအားလုံးကို ဖူးမြော်ပြီးသွားပြီ။ ဒီနေ့တော့ ကျွန်တော့်ကလေးတွေ ရှေးခေတ်ဘုရင်တွေ နေထိုင်တဲ့ နန်းတော်ကြီးအကြောင်းကို သိရှိအောင် မန္တလေး နန်းမြို့တွင်းကို လာရောက်ပြသတာပါ။ ညနေပိုင်းမှာတော့ ဦးပိန်တံတားကို လေ့လာပြီး ညကားနဲ့ နေပြည်တော် ပြန်မှာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လမ်းပန်းဆက်သွယ်ရေးတွေက ပိုမိုကောင်းမွန်လာတဲ့အပြင် အားလပ်ရက်တွေမှာ ခရီးထွက်ကြတဲ့ ဓလေ့တွေ ထွန်းကားနေကြပြီဖြစ်လို့ ရောက်တဲ့ ဒေသတိုင်းမှာ ပြည်တွင်းခရီးသွားတွေနဲ့ စည်ကားနေတယ်” ဟု ပြောသည်။



မန္တလေးမြို့ ဦးပိန်တံတားတွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ–အောင်ဖြိုးကျော်**

# ၂၀၂၀ပြည့်နှစ် နှစ်သစ်အခါသမယ၌ နေပြည်တော်အတွင်းရှိ ဘုရားစေတီပုထိုးများနှင့် အထင်ကရနေရာများတွင် ဘုရားဖူး၊ အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁**

ယနေ့ကျရောက်သည့် ၂၀၂၀ ပြည့်နှစ် နှစ်သစ်အခါသမယတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးများနှင့် အပန်းဖြေလည်ပတ်စရာ အထင်ကရနေရာများတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ပြည်သူများအပြင် မိသားစုလိုက် သော်လည်းကောင်း၊ သူငယ်ချင်း အပေါင်းအသင်းများဖြင့် သော်လည်းကောင်း အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသူများဖြင့် စည်ကားလျက် ရှိသည်။

နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်၊ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်နှင့် သံဝေဇနိယ လေးဌာန၊ သကျရုံသီရပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီး၊ ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်၊ ထာဝရငြိမ်းချမ်းရေးစေတီတော်၊ ရန်အောင်မြင်စေတီတော်၊ ဖောင်တော်ချက်မ ဘုရားနှင့် အခြားဘုရား၊ စေတီ၊ ပုထိုးများတွင် ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူပူဇော်ခြင်းနှင့် တရားဘာဝနာပွားများ



အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သို့ လာရောက်အပန်းဖြေကြသူများကို တွေ့ရစဉ်။

အားထုတ်ကုသိုလ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဥပ္ပါတသန္တိ စေတီတော်သို့ လာရောက်ဖူးမြော်သူ မအိအိမိုးက “ဒီနေ့က အစိုးရရုံးပိတ်ရက်လည်း ဖြစ်တဲ့အတွက် နေပြည်တော် တစ်ခွင်လုံး လည်ပတ်မှာပါ။ အခုကတော့ ဘုရားကို အရင်ဆုံး လာရောက်ဖူးမြော်ခြင်း ဖြစ်ပါတယ်။ ဒါပြီးရင်တော့ ဆာဖာရီဥယျာဉ်နဲ့ တိုင်းရင်းသားကျေးရွာတွေကို လည်ပတ်ဖို့ စီစဉ်ထားပါတယ်။ ပိတ်ရက်မှာ မိသားစုနဲ့အတူ လည်ပတ်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ နှစ်သစ်မှာ အားလုံးကျန်းမာချမ်းသာစေဖို့ ဆုတောင်းပေးပါတယ်” ဟု ပြောသည်။

ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးသို့ သူငယ်ချင်းများအား ဘုရားဖူးလိုက်ပို့သူ ဦးအေးထွန်းက “ကျွန်တော်ကတော့ နေပြည်တော်မှာ တာဝန်ထမ်းဆောင်ရင်း သူငယ်ချင်းတွေကို ဘုရားဖူးလိုက်ပို့တာပါ။ ဒီနေ့က နှစ်သစ်ဖြစ်တဲ့အတွက် တစ်နှစ်လုံး ကုသိုလ်ကောင်းမှုတွေနဲ့ လျှောက်လှမ်းနိုင်ဖို့ မျှော်လင့်ပြီး လာရောက်ဖူးမြော်ခြင်း ဖြစ်ပါတယ်။ နှစ်သစ်မှာ အေးချမ်းတဲ့ နိုင်ငံတော်ကြီးဖြစ်ပြီး ဘေးအန္တရာယ်တွေ ကင်းရှင်းပါစေလို့ ဆုတောင်းပေးပါတယ်”ဟု ပြောသည်။

ထို့ပြင် တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ တိုင်းရင်းသားကျေးရွာ၊ ရေပူစမ်းနှင့် ရေပန်းဥယျာဉ်တို့တွင်လည်း နံနက်ပိုင်းမှစတင်၍ ညနေပိုင်းအထိ မိသားစု၊ သူငယ်ချင်း မိတ်ဆွေများဖြင့် ရှားပါးတိရစ္ဆာန်များ ကြည့်ရှုလေ့လာခြင်း၊ အဖွဲ့လိုက် ဂိမ်းကစားကြခြင်း၊ တိုင်းရင်းသားများ၏ ရိုးရာအသုံးအဆောင်များ၊ အဝတ်အစားများဝတ်ဆင်၍ ဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)မှ တာဝန်ခံဖြစ်သူ ဒေါ်ခင်နန်းစိုးက “ဒီနေ့လာရောက်လည်ပတ်တဲ့သူတွေအတွက် ဥယျာဉ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားရိုးရာအိမ်တွေကို ဝင်ရောက်လေ့လာခွင့်ပေးတယ်။ ပြီးရင် ရိုးရာအဝတ်အစားတွေ ဝတ်ဆင်ပြီး ဓာတ်ပုံရိုက်လို့ရအောင်လည်း စီစဉ်ထားပါတယ်။ နောက်ပြီး တိုင်းရင်းသားတွေရဲ့ ရိုးရာအသုံးအဆောင်တွေကိုလည်း ကြည့်ရှုလေ့လာလို့ရမှာ ဖြစ်ပါတယ်” ဟု ပြောသည်။

အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သို့ တောင်ငူမြို့မှ လာရောက်လည်ပတ်သူ ဒေါ်ပုချိုကလည်း “ အခုလို ပိတ်ရက်မှာ မိသားစုနဲ့ လျှောက်လည်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ နေပြည်တော်မှာ ဘုရားတွေလည်းဖူးပြီး အထင်ကရနေရာတွေကို လည်ပတ်ဖို့ စီစဉ်ထားပါတယ်။ ၂၀၂၀ ပြည့်နှစ် နှစ်သစ်မှာ အားလုံး သာယာအေးချမ်းကြပါစေလို့ ဆုတောင်းပေးပါတယ်”ဟု ပြောသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ Capital Hyper Market, Junction Center, Ocean Supermarket စသည့် ဈေးဝယ်စင်တာများတွင်လည်း အဖွဲ့လိုက် ပျော်ရွှင်စွာ ဈေးဝယ်ထွက်၍ ရုပ်ရှင်ကြည့်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်း – အောင်ရဲသွင်**
**ဓာတ်ပုံ – ကျော်ဇင်ထိုက်၊ စိုးဝင်းထွန်း**

## (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ညီနောင်သားချင်းသွေးစည်းမှုဖြင့် လွတ်လပ်ရေးကိုကာကွယ်ထိန်းသိမ်းကြပါစို့

**မော်ကျွန်း - မြင့်အောင်**

**မြန်မာတစ်မျိုးသားလုံး လေးစားမြတ်နိုးတန်ဖိုးထားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့သည်ကား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် (၇၂) နှစ်ပြည့်မြောက်ပြီ ဖြစ်ပေသည်။ မြန်မာတို့သည် သမိုင်းစဉ်တစ်လျှောက် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ်ကြငှာန်းဖြင့် ကမ္ဘာ့အလယ်တွင် တင့်တယ်ဂုဏ်ယူမြင့်မားစွာ နေထိုင်လာခဲ့ကြသော လူမျိုးဖြစ်သည်။ သတ္တိ၊ ဗျတ္တိတို့နှင့်ပြည့်စုံပြီး ရဲစွမ်းသတ္တိရှိကြပေသည်။**

ပြည်ထောင်စုသား၊ ညီနောင်ဖွားများသည် အမိမြေတွင် တစ်ရေတည်းသောက် အတူတူလက်တွဲနေထိုင်ကာ အမိမြေကိုချစ်သည်၊ အမိမြေကိုမြတ်နိုးသည်၊ အမိမြေကို ကာကွယ်စောင့်ရှောက်သည်၊ အမိမြေကို ကျူးကျော်လာသူများကိုလည်း လုံးဝလက်မခံ။ ပြည်ထောင်စုသားအချင်းချင်း ပူးပေါင်းကာ အသက်စွန့်တော်လှန်တိုက်ပွဲဆင်နွှဲခဲ့ကြသည်။

**ကျူးကျော်စစ်သုံးကြိမ်**

ဤသို့ဖြင့် ဆွေမျိုးမိသားစုများ အေးချမ်းစွာစုစည်းနေထိုင်ကြသော မြန်မာနိုင်ငံအား နယ်ချဲ့အင်္ဂလိပ်တို့သည် ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲကာ သိမ်းပိုက်ခဲ့ကြသည်။ မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်လျှင် ရင်နာဖွယ်ကောင်းလှသည်။


ပထမအကြိမ် ကျူးကျော်စစ်မှာ ဘကြီးတော်ဘုရားလက်ထက်တွင် စတင်ကျူးကျော်စစ်ဆင်နွှဲခဲ့သည်။ ၅-၃-၁၈၂၄ ရက်နေ့ မှ ၂၄-၂-၁၈၂၆ ရက်နေ့အထိဖြစ်သည်။ ဒုတိယကျူးကျော်စစ် မှာ ပုဂံမင်းလက်ထက်တွင် ထပ်မံဖြစ်ပွားခဲ့သည်။ ၁၈၅၂ ဧပြီလမှ ၁၈၅၂ နိုဝင်ဘာလအထိ ဖြစ်သည်။ နောက်ဆုံးတတိယ ကျူးကျော်စစ်မှာ သီပေါဘုရင်လက်ထက်တွင် ဖြစ်ပွားခဲ့ သည်။ ၁၄-၁၁-၁၈၈၅ ရက်နေ့မှ ၂၈-၁၁-၁၈၈၅ ရက်နေ့ အထိ ကျူးကျော်စစ်ဆင်နွှဲပြီးသောအခါ မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ သက်ဆင်းကျရောက်ခဲ့ရတော့သည်။

ဤအချိန်မှစပြီး မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာလက်လွတ်ဆုံးရှုံးခဲ့ရပေသည်။

**လွတ်လပ်ရေးတိုက်ပွဲအစ**

မြန်မာတိုင်းရင်းသားညီနောင်များသည် သူ့ကျွန်ခံလိုစိတ်ရှိသူများမဟုတ်ချေ။ မြန်မာနိုင်ငံတစ်ဝန်း ပြည်မ၊ တောင်တန်းများပါမကျန် မျိုးချစ်တိုင်းရင်းသားခေါင်းဆောင်များက ဦးဆောင်၍ တိုင်းရင်းသားမျိုးနွယ်စုအားလုံးတို့သည် ညီနိူင်း ဆောင်ရွက်စရာမလို။ တစ်သွေးတည်း၊ တစ်သားတည်း၊ ညီညွတ်ကြသည်၊ စုစည်းကြသည်။ လက်နက်အင်အားကြီးမားသည်ဟူ၍ နောက်မတွန့်၊ ရဲဝံ့စွန့်စားသော အာဇာနည်စိတ်ဓာတ်ဖြင့် အမိမြေကို ကျူးကျော်လာသူ နယ်ချဲ့အင်္ဂလိပ်တို့ကို တွန်းလှန်တိုက်ခိုက်ရန် "လွတ်လပ်ရေးတိုက်ပွဲ" အစပြုခဲ့သည်။ မြန်မာတို့၏သွေးကား ဆွေးဆွေးနီခဲ့သည်။ ရရာလက်နက်တုတ်၊ ဓား၊ လှံ၊ လေးမြားတို့ဖြင့် ပြန်လည်တော်လှန်ဝံ့သော သတ္တိ၊ အာဂသတ္တိဖြစ်သည်။

ထို့နောက်ပိုင်းတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ မျိုးချစ်လူငယ်များကလည်း နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးအဖွဲ့များဖွဲ့၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးပါဝင်သော တော်လှန်ရေး ဆင်နွှဲခဲ့ကြသည်။



ထိုနည်းတူ ကျောင်းသားသပိတ်၊ ၁၃၀၀ ပြည့်အရေးတော်ပုံနှင့် တောင်သူလယ်သမားအရေးတော်ပုံများ ဆင်နွှဲပြီး နယ်ချဲ့ကို တော်လှန်ရေးဆင်နွှဲခဲ့ကြသည်။ ဤသို့ လက်နက်အင်အားကြီးမားသော နယ်ချဲ့တို့ကို မြန်မာ့မျိုးချစ်တိုင်းရင်းသားခေါင်းဆောင်များ တော်လှန်တိုက်ပွဲ ဆင်နွှဲဝံ့ခြင်းခြင်းကြောင့်ပင် နယ်ချဲ့တို့ မြန်မာ့မျိုးချစ်ခေါင်းဆောင်များနှင့် မျိုးချစ်တိုင်းရင်းသားတို့၏ သတ္တိကိုချီးကျူးခဲ့ကြသည်။ လေးစားခဲ့ကြပေသည်။

**မြန်မာဟူသည်**

မြန်မာဟူသည် သမိုင်းအစဉ်အလာကြီးမားသော လူမျိုးဖြစ်သည်။ ပုဂံခေတ်ကျန်စစ်သားမင်း (အေဒီ-၁၀၈၄-၁၁၁၃) လက်ထက် ခရစ်နှစ် ၁၁၀၂ ခုနှစ်တွင် ရေးထိုးခဲ့သော ကျန်စစ်သားမင်း၏ နန်းတည်ကျောက်စာတွင် "မိရ်မာ"ဟူသော ဝေါဟာရမှဆင်းသက်လာခဲ့ပြီး "မြန်မာ" ဟူသော ဝေါဟာရမှာ အနက်အဓိပ္ပာယ်လေးနက်လှသည်။ မြန်သည်၊ မာသည်ဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်ပါသည်။

ဤသို့လျှင် မြန်မာ့လွတ်လပ်ရေးဆုံးရှုံးချိန်မှစပြီး သမိုင်းစဉ်တစ်လျှောက်လုံးပြည်ထောင်စုသားချင်းများသည် ရရာလက်နက်များ စွဲကိုင်ပြီး အသက်များစွန့်လွှတ်ကာ တော်လှန်ခဲ့ကြသော်လည်း မြန်မာ့လွတ်လပ်ရေးကိုကား ပြန်လည်မရရှိသေးပေ။ သို့သော် ဇွဲနှင့်အားမာန်မလျှော့။ တော်လှန်တိုက်ပွဲဆင်နွှဲခဲ့ကြပါသည်။

**ဗိုလ်ချုပ်နှင့်ရဲဘော်သုံးကျိပ်**

ထို့နောက်ပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့သည် မြန်မာ့လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် အမျိုးမျိုးဆင်းရဲအပင်ပန်းခံကာ တိုက်ပွဲဝင်ခဲ့ကြသည်။ မြန်မာပြည်သူတစ်ရပ်လုံးကလည်း စုစည်းညီညွတ်ကာ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲစဉ် တစ်ရပ်လုံး ပါဝင်ခဲ့သည်။ ပြည်သူတစ်ရပ်လုံးပါဝင် ဆင်နွှဲမှု၊ မဆုတ်မနစ်သော ကြိုးပမ်းအားထုတ်မှုတို့ကြောင့် မြန်မာ့လွတ်လပ်ရေးပြန်လည်ရရှိရန် "ရောင်နီသန်း" လာခဲ့သည်။

ထိုအချိန်တွင် မြန်မာ့လွတ်လပ်ရေး မရရှိစေရန်အတွက် နယ်ချဲ့တို့သည် ပြည်ထောင်စုတိုင်းရင်းသား ညီနောင်ဖွားအချင်းချင်း မသင့်မြတ်စေရန် သွေးထိုးလှုံ့ဆော်ခဲ့သည်။ သွေးခွဲခဲ့သည်။ အထင်အမြင်လွဲမှားအောင်ဆောင်ရွက်ခဲ့သည်၊ အချင်းချင်းမယုံကြည်အောင် ဆောင်ရွက်ခဲ့သည်၊ သံသယပွားအောင် ပြုမူဆောင်ရွက်ခဲ့ကြပါသည်။

ထိုအခြေအနေများကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် "တိုင်းရင်းသား ချစ်ကြည်ရေးသွေးစည်းခရီးစဉ်" အဖြစ် တောင်တန်းဒေသများသို့ သွားရောက်ခဲ့သည်။ တွေ့ဆုံခဲ့သည်။ ဆွေးနွေးခဲ့သည်။ အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

ပြည်မနှင့် တောင်တန်းဒေသများ မခွဲခြား။ အတူတူ သွေးစည်းညီညွတ်ပါကြောင်း တောင်တန်းဒေသများကလည်း လွတ်လပ်ရေး ရယူလိုပါကြောင်း "တူညီစွာ ဆန္ဒပြု" ကြသည်။ သဘောတူညီကြသည်။ "ပင်လုံစာချုပ်" ချုပ်ဆိုခဲ့ကြသည်။ သွေးချင်းတို့၏ စုစည်းညီညွတ်မှု မှတ်တိုင်ပင်လုံသက်သေပြုခဲ့ခြင်းပင် မဟုတ်ပါလား။

**ဒီမိုကရေစီနိုင်ငံတော်**

မျိုးချစ်အာဇာနည် ဗိုလ်ချုပ်အောင်ဆန်းသည် အနာဂတ်မြန်မာနိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန် ဆန္ဒပြင်းပြခဲ့သည်။ ၁၉၄၇ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ဂျူဗလီဟော ပဏာမပြင်ဆင်မှု ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှာ…။

**တကယ့် ဒီမိုကရေစီ**

"တကယ့်ဒီမိုကရေစီဆိုတာ နိုင်ငံရေး သဘောတရားအရ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့ အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ လက်ငင်းစီးပွားရေး အဆင့်အတန်းကို အခွင့်အရေးတန်းတူရနိုင်တဲ့ အခြေအနေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့် ဒီမိုကရေစီအထိ တက်လှမ်းနိုင်မယ်"ဟု မိန့်မှာသွားခဲ့သည်။

ထိုအချိန်ကပင် ဗိုလ်ချုပ်သည် တကယ့်ဒီမိုကရေစီ၏ အနှစ်သာရနှင့် ပြည်သူ့အစိုးရဆောင်ရွက်ပေးရမည့် တာဝန်ကိုပါ တစ်ပါတည်း မီးမောင်းထိုးပြခဲ့ပေသည်။ ဗိုလ်ချုပ်ကား အမြော်အမြင်ကြီးမားလှပါပေစွ။

ယခုအခါ ပြည်သူများ လိုလားတောင့်တသော ဒီမိုကရေစီနိုင်ငံတော်ကို စတင်အုတ်မြစ်ချ ရုပ်လုံးဖော်တည်ဆောက်နေပြီ ဖြစ်သည်။

ထိုသို့ ဒီမိုကရေစီနိုင်ငံတော်သစ်အား ရုပ်လုံးဖော်တည်ဆောက်နေသည်ကား မှန်ပါ၏။ ဒီမိုကရေစီ တည်ဆောက်နေသော အချိန်ကာလကား "နုနယ်ပါသေး၏" ဒီမိုကရေစီနိုင်ငံတော် အောင်မြင်စွာ တည်ဆောက်လိုပါလျှင်…။

- တိုင်းရင်းသားပြည်သူအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိဖို့ လိုပါသည်။
- ပြည်ထောင်စုစိတ်ဓာတ် မွေးမြူဖို့ လိုပါသည်။
- တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်ဖို့ လိုပါသည်။
- စုပေါင်းစွမ်းအားဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ် ပိုင်းဝန်းတည်ဆောက်ကြဖို့ လိုပါသည်။

ထို့အပြင် တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ မိရိုးဖလာအစဉ်အလာတို့ကို မျိုးဆက်သစ်တို့က "အမွေဆက်ခံ" ထိန်းသိမ်းမြှင့်တင်ကြဖို့လည်း လိုအပ်ပါသည်။

အဓိကမှာ အသက်ပေါင်းများစွာ စွန့်လွှတ်အနစ်နာခံပြီး အရယူပေးခဲ့သော မြန်မာ့လွတ်လပ်ရေးကိုမူ လုံးဝအထိပါးမခံနိုင်ပါ။ ပြည်ထောင်စု တိုင်းရင်းသားအားလုံး ညီညွတ်စည်းလုံးမှုဖြင့် လွတ်လပ်ရေးကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်ကြရန် ဖြစ်ပါသည်။ လွတ်လပ်ရေးကို ကမ္ဘာတည်သရွေ့ ထာဝစဉ်အစွန့်ရှည်တည်တံ့ခိုင်မြဲလေအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည့်တာဝန်မှာ နိုင်ငံသားတိုင်းတွင် ရှိပေသည်။ ဤတာဝန်ကို နိုင်ငံချစ်စိတ်ရှိသူတိုင်း မလွဲမသွေထမ်းဆောင်ကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ "တိုင်းရင်းသားစည်းလုံးညီညွတ်ရေး" သည်ကား နိုင်ငံတော်အတွက် မဖြစ်မနေ လိုအပ်ပါသည်။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ပါမှ နိုင်ငံတော် အေးချမ်းသာယာပါမည်။ အေးချမ်းသာယာမှလည်း နိုင်ငံတော်တိုးတက်ပါမည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပါလျှင် မြန်မာတစ်မျိုးသားလုံး လိုလားတောင့်တနေသည့် စည်းကမ်း ပြည့်ဝသော၊ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးသည် အောင်မြင်စွာ တည်ဆောက်နိုင်မည်မှာ ဧကန်မလွဲဖြစ်ပေသည်။

ပြည်ထောင်စုကြီးအကျိုးအတွက် ညီညွတ်စည်းလုံးကြဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၃-၈-၂၀၁၈ ရက်နေ့တွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေးတွင် ဤသို့အဖွင့် အမှာစကားပြောကြားခဲ့သည်။

"ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်မတို့ ဘာလုပ်ငန်းလုပ်လုပ် ပြည်ထောင်စုကြီးအကျိုးအတွက် ဘယ်တော့မှ မမေ့ဘဲနဲ့ လုပ်စေချင်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသူ ပြည်ထောင်စုသားအားလုံးအတွက် အကျိုးရှိအောင် စဉ်းစားပြီး လုပ်စေချင်တယ်။ ပြီးတော့ ပြည်ထောင်စုသူ ပြည်ထောင်စုသားအားလုံး ပိုမိုပြီးတော့ နီးစပ်လာအောင်၊ ညီညွတ်လာအောင်၊ ပိုမိုပြီးတော့ စည်းလုံးလာအောင် လုပ်ပေးမယ့် ပုံစံမျိုးလည်း ဖြစ်စေချင်ပါတယ်" ဟု ပြောကြားခဲ့ပေသည်။

အနှစ်ချုပ်တင်ပြရလျှင် ယခုအချိန်အခါသည် နိုင်ငံတကာ ဖိအားများရှိနေသည်။ ဤလိုအချိန်မျိုးတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရေးပင်ဖြစ်ပါသည်။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေးကို ခိုင်ခိုင်မာမာ တည်ဆောက်ကြရန် ဖြစ်ပါသည်။

မြန်မာ့လွတ်လပ်ရေးပြန်လည်ရရှိအောင် အသက်စွန့်တိုက်ပွဲဝင်ခဲ့ကြစဉ်က တိုင်းရင်းသားညီနောင်ဖွားများသည် အချင်းချင်းညီညွတ်ခဲ့ကြသည်။ သွေးစည်းခဲ့ကြပါသည်။ ဤအစဉ်အလာကို လက်ဆင့်ကမ်း ဆက်လက်သယ်ဆောင်ကာ "ညီနောင်သားချင်း သွေးစည်းမှုဖြင့် လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းကြပါစို့" ဟုသာ ဆန္ဒပြုရေးသားတင်ပြလိုက်ရပေသည်။ ။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည်ကား နိုင်ငံတော်အတွက် မဖြစ်မနေ လိုအပ်ပါသည်။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ပါမှ နိုင်ငံတော် အေးချမ်းသာယာပါမည်။ အေးချမ်းသာယာမှလည်း နိုင်ငံတော်တိုးတက်ပါမည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပါလျှင် မြန်မာတစ်မျိုးသားလုံး လိုလားတောင့်တနေသည့် စည်းကမ်းပြည့်ဝသော၊ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးသည် အောင်မြင်စွာ တည်ဆောက်နိုင်မည်မှာ ဧကန်မလွဲဖြစ်ပေသည်**

# အခြေခံပညာကျောင်းသားအားကစားပွဲတော် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အုပ်ချုပ်သူ နည်းပြများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းမော်ထွန်း၊ ဒေါက်တာမြလေးစိန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ အခြေခံပညာကျောင်းသား အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)၊ ဘောလီဘော ပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး) နှင့် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် အနိုင်ရဗိုလ်စွဲခဲ့ကြသည့် အသင်းများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာ ကျောင်းသားအားကစား ပွဲတော်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်အထိ အားကစားနည်း လေးမျိုး (ဘောလုံး၊ ဘောလီဘော၊ ပြေးခုန် ပစ်၊ ပိုက်ကျော်ခြင်း)ဖြင့် ယှဉ်ပြိုင်ကစားကြရာ တနင်္သာရီတိုင်းဒေသကြီးက ရွှေ ၁၅ ခု၊ ငွေ နှစ်ခု၊ ကြေး လေးခု၊ ရှမ်းပြည်နယ်က ရွှေ သုံးခု၊ ငွေ နှစ်ခု၊ ကြေး တစ်ခု၊ မကွေးတိုင်းဒေသကြီးက ရွှေ နှစ်ခု၊ ငွေ လေးခု၊ ကြေး ခြောက်ခု၊ ပဲခူးတိုင်းဒေသကြီးက ရွှေ နှစ်ခု၊ ငွေ သုံးခု၊ ကြေး လေးခု၊ ကချင်ပြည်နယ်က ရွှေ နှစ်ခု၊ ငွေ သုံးခု၊ ကြေး သုံးခု၊ ဧရာဝတီတိုင်းဒေသကြီးက ရွှေ နှစ်ခု၊ ငွေ သုံးခု၊ ကြေး တစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးက ရွှေ နှစ်ခု၊ ငွေ နှစ်ခု၊ ကြေး သုံးခု၊ မွန်ပြည်နယ်က ရွှေ တစ်ခု၊ ငွေ ငါးခု၊ ကြေး နှစ်ခု၊ မန္တလေးတိုင်းဒေသကြီးက ရွှေ တစ်ခု၊ ငွေ နှစ်ခု၊ ကြေး သုံးခု၊ စစ်ကိုင်းတိုင်းဒေသကြီးက ရွှေ တစ်ခု၊ ငွေ တစ်ခု၊ ကြေး သုံးခု၊ နေပြည်တော်က ရွှေ တစ်ခု၊ ငွေ နှစ်ခု၊ ကြေး တစ်ခု၊ ကယားပြည်နယ်က ရွှေ တစ်ခု၊ ငွေ နှစ်ခု၊ ကရင်ပြည်နယ်က ငွေ တစ်ခု၊ ကြေး သုံးခု၊ ချင်းပြည်နယ်က ငွေ တစ်ခု၊ ကြေးတစ်ခု၊ ရခိုင်ပြည်နယ်က ကြေး နှစ်ခု ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပရဟိတဂေဟာနှင့် ဘိုးဘွားရိပ်သာများသို့ ငွေနှင့် ပစ္စည်းများထောက်ပံ့

**နေပြည်တော် ဇန်နဝါရီ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာ ဓမ္မာလင်္ကာရကျောင်းတိုက်ရှိ မြတ်စုမွန်လူငယ်ပရဟိတဂေဟာသို့ သွားရောက်ပြီး ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် အလှူငွေလှူဒါန်းကာ ဂေဟာအတွက် အလှူငွေကျပ် ငါးသိန်း၊ ဂေဟာရှိ ကလေးငယ် ၁၁၀ အတွက် ဆန်ဖိုး ထောက်ပံ့ငွေ ငါးဆယ့်ကိုးသိန်း လေးသောင်းကျပ်၊ ဝတ်စုံစရိတ်နှင့် စားစရိတ် တစ်ရာ့နှစ်သိန်းသုံးသောင်းကျပ်နှင့် ဂေဟာမှုးထောက်ပံ့ငွေ သုံးသိန်းခြောက်သောင်းကျပ် စုစုပေါင်း ငွေကျပ် တစ်ရာ့ခုနစ်ဆယ်သိန်း သုံးသောင်း တိတိနှင့် ကျောင်းစိမ်းကျား/မ ဝတ်အထည်များနှင့် ရှပ်အင်္ကျီများ ထောက်ပံ့ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံကြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ ရေတာရှည် ဘိုးဘွားရိပ်သာသို့ သွားရောက်ကာ ဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ် ငါးသိန်း၊ ဘိုးဘွား ၂၆ ဦးအတွက် ဆန်ဖိုး ထောက်ပံ့ငွေကျပ် တစ်ဆယ့်လေးသိန်းလေးထောင်ကျပ်၊ ဝတ်စုံစရိတ်နှင့် စားစရိတ်ငွေကျပ် နှစ်ဆယ့်လေးသိန်းတစ်သောင်းရှစ်ထောင်ကျပ်၊ ဂေဟာမှုးထောက်ပံ့ငွေ သုံးသိန်းခြောက်သောင်းကျပ် စုစုပေါင်း လေးဆယ့်ခြောက်သိန်း ရှစ်သောင်းနှစ်ထောင်ကျပ်တိတိနှင့် ပုဆိုး၊ ထဘီ၊ တဘက်နှင့် ရှပ်အင်္ကျီတို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် သပြေကုန်းရှိ မစိုးရိမ်ကျောင်းတိုက်သို့ သွားရောက်ကာ ကျောင်းတိုက်ဆရာတော်အား ဖူးမြော်၍ စာသင်သား၊ သံဃာတော်များအတွက် လှူဖွယ်ပစ္စည်း၊ သင်္ကန်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ် ဇွဲကပင်တောင်တွင် ပထမအကြိမ် တောင်တက်၊ တောင်ဆင်း ပြိုင်ပွဲကျင်းပ




**ဘားအံ ဇန်နဝါရီ ၁**

ကရင်ပြည်နယ် ဘားအံမြို့ရှိ အထင်ကရ ဆံတော်ရှင်စေတီတော်ရှိရာ ဇွဲကပင်တောင်အား ကရင်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ ပထမအကြိမ် ဇွဲကပင်တောင်တက်၊ တောင်ဆင်း ပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီက ဇွဲကပင်အရှေ့ခြမ်း တောင်ခြေသစ်ချရွာမှ စတင်ကာ ယှဉ်ပြိုင်တာလွှတ်ခဲ့ရာ ဇွဲကပင်အနောက်ခြမ်း ဒုံရင်း၊ တော်ပုံကျေးရွာ လုမ္ဗိနီဥယျာဉ် ဈေးဆိုင်ခန်းရှေ့တွင် ပန်းဝင်ကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် ကျင်းပခဲ့သည်။

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဇွဲကပင်တောင်တက်၊ တောင်ဆင်းပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

ဇွဲကပင်တောင်တက်ပြိုင်ပွဲတွင် အသက်(၄၀နှစ်)အောက် အမျိုးသား ၅၇၈ ဦးနှင့် အမျိုးသမီး ၄၉၁ ဦး၊ အသက် (၄၀နှစ်)အထက် အမျိုးသား ၁၂၉ ဦးနှင့် အမျိုးသမီး ၁၅၆ ဦးတို့ကို ပြိုင်ပွဲအမျိုးအစား လေးမျိုးခွဲ၍ ယှဉ်ပြိုင်စေပြီး ဆုကြေးများအနေဖြင့် ပထမဆု ၁၅၀၀၀၀ ကျပ် ၊ ဒုတိယဆု ၁၂၅၀၀၀ကျပ်၊ တတိယဆု ၁၀၀၀၀၀ ကျပ်၊ ကျန်စတုတ္ထဆု ၉၀၀၀၀ ကျပ်မှ ဒသမဆု ၃၀၀၀၀ ကျပ်အထိ ၁၀ဆု အသီးသီးနှင့် သက်ကြီးဗွဲဆုများကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ငွေသားဆုနှင့် ဆုကလာဘ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်၏ ကျက်သရေဆောင် ဇွဲကပင်တောင်တက်၊ တောင်ဆင်းပြိုင်ပွဲအား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစေရန်၊ သဘာဝတောတောင် ရေမြေ ထိန်းသိမ်းရေးကို သိရှိနိုင်ရန်၊ အားကစားလိုက်စားခြင်းကြောင့် ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းပြီး မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ပထအကြိမ်စတင်ကျင်းပခြင်းဖြစ်ပြီး နောင်နှစ်များတွင်လည်း ဆက်လက် ကျင်းပပေးသွားမည် ဖြစ်ကြောင်း၊ ယခုနှစ်ပြိုင်ပွဲတွင် ကရင်ပြည်အတွင်းနှင့် မော်လမြိုင်၊ ရန်ကုန်စသည့် အခြားဒေသများနှင့် နိုင်ငံခြားသား ခရီးသွားများအပါအဝင် ပြိုင်ပွဲဝင် ၁၃၅၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## သီပေါ၌ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်

**သီပေါ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ဆောင်ရွက်မှုဖြင့် ဇန်နဝါရီ ၁ ရက်က အမှတ်(၁၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ (သီပေါ)မှ တပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့် တပ်ဖွဲ့ဝင်များသည် မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ်ပြည်ထောင်စု လမ်းမကြီး ပြည်သူ့ဆေးရုံရှေ့နှင့် မိုင်းပွန်လမ်းတို့၌ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာနိုင်စေရန် ပညာပေးဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဆိုင်ကယ်ဖြင့် နှစ်ဦးထက်ပို၍ တင်ဆောင်သွားခြင်းမပြုရေး၊ ယာဉ်နှစ်ထပ်ရပ်နားခြင်း မပြုရေးစသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်သည့် မော်တော်ယာဉ် ဥပဒေသစ်ကို ပြည်သူများသိရှိနားလည်စေရေး ပညာပေးဆွေးနွေးပြီး ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်များရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဇန်နဝါရီ ၁**

ကပ္ပလီပင်လယ်ပြင်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လားရှိုးမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် နမ့်စန်မြို့တွင် ၀ ဒသမ ၀၄ လက်မတို့ဖြစ်ကြသည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင် နေရာကျဲကျဲနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

**မိုး/ဇလ**

# နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၀ ပြည့်နှစ် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "နိုင်ငံ၏ တန်ဖိုး လူမျိုး၏ ဂုဏ်သိက္ခာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ Pan Pacific ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များနှင့် အစည်းအရုံးများမှ တာဝန်ရှိသူများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## လွတ်လပ်ရေးနေ့ ဂုဏ်ပြုကျင်းပ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နှစ်စဉ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိကြောင်း၊ ယနေ့ အခမ်းအနားသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့် အထိမ်းအမှတ်အနေဖြင့် "နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲကို ဖိတ်ခေါ်ကျင်းပပေးခဲ့ပြီး ဆုချီးမြှင့်ပွဲဖြစ်ကြောင်း။

## ပျော်ရွှင်မှုနှင့် လွတ်လပ်မှုပုံရိပ်

ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်မှာ မိမိတို့နိုင်ငံသည် သမိုင်းအစဉ်အလာကြီးမားကြောင်း၊ လူမျိုးတစ်မျိုးချင်းစီ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဓလေ့ထုံးတမ်းများ များစွာရှိကြောင်း၊ ထိုအရာများကို ဓာတ်ပုံ၊ ပို့စကတ် စသည့်ပညာရပ်များဖြင့် ပုံဖော်ဖန်တီးရိုက်ကူးခြင်းအားဖြင့် မိမိတို့နိုင်ငံ၏ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှု၊ သမိုင်းဝင်သည့်နေရာများနှင့် ရေမြေတောတောင်များ၏ သာယာလှပမှု၊ ပျော်ရွှင်မှုနှင့် လွတ်လပ်မှု စသည့်ပုံရိပ်များ ရရှိစေရန်အတွက် ရည်ရွယ်၍ ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင်များနှင့် ဝါသနာရှင် ၁၈၁ ဦးတို့က ဓာတ်ပုံပေါင်း ၇၃၅ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပို့စကတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၃ ဦးတို့က ပို့စကတ်ပေါင်း ၂၂၄ ခုကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်ကို သိရှိရကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဓာတ်ပုံပြိုင်ပွဲ ပထမဆုရ လှမိုးနိုင် (Ko Sat) အား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

## ဆုပေါင်း ၁၆ ဆုချီးမြှင့်

ပြိုင်ပွဲတွင် ကဏ္ဍနှစ်ရပ်ရှိရာ ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ပညာရှင်များက ဆုရွေးချယ်ပေးခဲ့ခြင်းဖြစ်ပြီး ပို့စကတ်ပြိုင်ပွဲကို မြန်မာနိုင်ငံ ပန်းချီ ပန်းပု အစည်းအရုံး(ဗဟို) ပညာရှင်များက ဆုရွေးချယ်ပေးခဲ့ကြကြောင်း၊ ဓာတ်ပုံနှင့် ပို့စကတ်ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုငါးဆုစီ၊ ပြိုင်ပွဲတစ်ခုလျှင် ဆုရှစ်ဆုစီနှင့် ဆု စုစုပေါင်း ၁၆ ဆုကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ယနေ့ ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ဓာတ်ပုံပညာရှင်များ၊ ပို့စကတ်သရုပ်ဖော်ပညာရှင်များတွင် မျိုးဆက်သစ်လူငယ်များ ပါဝင်နေသည်ကို သိရသည့်အတွက် အထူးဝမ်းသာကြိုဆိုပါကြောင်း၊ ပြိုင်ပွဲများတွင် ဆုရွေးချယ်ပေးခဲ့သော ပညာရှင်များကို ကျေးဇူးတင်ရှိပါကြောင်း၊ ဆုရရှိသူများအတွက်လည်း ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက ဓာတ်ပုံပြိုင်ပွဲဆုများ ရွေးချယ်ဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို) အဖွဲ့ဝင် ဦးကြည်ဝင်းက ပို့စကတ်ပြိုင်ပွဲဆုများ ရွေးချယ်ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

## ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် "နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဓာတ်ပုံပြိုင်ပွဲ ပထမဆုရ လှမိုးနိုင် (Ko Sat) နှင့် ပို့စကတ်ပြိုင်ပွဲ ပထမဆုရ မောင်ဖြိုးမောင်မောင် (ရွှေဘို)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဦးအောင်မျိုးမြင့်၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနာယက ပန်းချီစိုးမိုး၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေးနှင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးမြတ်ထွန်းအောင်တို့က ဓာတ်ပုံပြိုင်ပွဲ ဒုတိယဆုရ ဇော်ဇော်ကောင်းစံနှင့် ပို့စကတ်ပြိုင်ပွဲ ဒုတိယဆုရ ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)၊ ဓာတ်ပုံပြိုင်ပွဲ တတိယဆုရ မောင်ထက်ခိုင်နှင့် ပို့စကတ်ပြိုင်ပွဲတတိယဆုရ နိုင်ထူးအောင်၊ ဓာတ်ပုံပြိုင်ပွဲ အထူးဆုရရှိသူများ ဖြစ်ကြသည့် ကျော်နိုင်လင်း(လရိပ်ပြာ)၊ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)၊ ဦးငွေအောင်၊ ငွေဝင်း (ရမ္မာဝတီ)၊ သန်းနိုင်ဦး(ပြန်/ဆက်) နှင့် ပို့စကတ်ပြိုင်ပွဲ အထူးဆုရရှိကြသူများဖြစ်ကြသည့် အောင်ကျော်ထွန်း(ပုသိမ်ကြီး)၊ နိုင်ထူးအောင်၊ ငွေဝင်း (ရမ္မာဝတီ)၊ ကိုအောင်ကျော်မိုးနှင့် ရဲသူရအောင်(IPRD) တို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် ဆုရရှိသူများကိုယ်စား ဓာတ်ပုံပြိုင်ပွဲ ပထမဆုရ လှမိုးနိုင်(Ko Sat) က ကျေးဇူးတင်စကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဆုချီးမြှင့်မှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသော TMW Enterprise Limited မှ Retail Marketing Manager ဦးဇွဲရန်ဗိုလ်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း (မင်္ဂလာရုပ်ရှင်မိသားစု)တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆုရဓာတ်ပုံများနှင့် ပို့စကတ်များကို လှည့်လည်ကြည့်ရှုအားပေးသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင် ပို့စကတ်ပြိုင်ပွဲ ဒုတိယဆုရ ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း) အား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများ



**ပထမ**



အမည် - လှမိုးနိုင်(Ko Sat)

မွေးသက္ကရာဇ် - ၂၁-၂-၁၉၆၈

ဇာတိ - ရောဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်။



**ဒုတိယ**



အမည် - ဇော်ဇော်ကောင်းစံ

မွေးသက္ကရာဇ် - ၁၅-၁၀-၁၉၈၅

ဇာတိ - မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်။



**တတိယ**



အမည် - မောင်ထက်ခိုင်

မွေးသက္ကရာဇ် - ၂၄-၆-၂၀၀၆

ဇာတိ - ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်။



**အထူးဆု**



အမည် - ငွေဝင်း(ရမ္မာဝတီ)

မွေးသက္ကရာဇ် - ၉-၉-၁၉၇၁

ဇာတိ - ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်။



**အထူးဆု**



အမည် - ဦးငွေအောင်

မွေးသက္ကရာဇ် - ၂၀-၇-၁၉၆၃

ဇာတိ - ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့။



**အထူးဆု**



အမည် - ဦးသန်းနိုင်ဦး

မွေးသက္ကရာဇ် - ၂၃-၆-၁၉၆၁

ဇာတိ - မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်။



**အထူးဆု**



အမည် - ကျော်နိုင်လင်း (လရိပ်ပြာ)

မွေးသက္ကရာဇ် - ၆-၇-၁၉၈၀

ဇာတိ - မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်။



**အထူးဆု**



အမည် - ဇော်ဇော်ဝေ (ဆင်ဖြူကျွန်း)

မွေးသက္ကရာဇ် - ၉-၇-၁၉၈၂

ဇာတိ - မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းမြို့နယ်။

# MRTV Channel အား SD စနစ်မှ HD စနစ်သို့ ပြောင်းလဲထုတ်လွှင့်သွားမည်

၁။ မြန်မာ့ရုပ်မြင်သံကြားကြည့် ပရိသတ်များ အရုပ်/အသံအရည်အသွေး ပိုမိုကြည်လင်စွာ ကြည့်ရှုနိုင်ရန်အတွက် MRTV Channel အား ပုံမှန်ထုတ်လွှင့်နေသော Standard Definition (SD)စနစ်အပြင် High Definition (HD) စနစ်ကိုပါ တွဲဖက်၍ (၁၅-၁-၂၀၂၀) ရက်နေ့မှ စတင်စမ်းသပ်ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည့် (၁၅-၂-၂၀၂၀) ရက်နေ့မှစတင်၍ HD စနစ်တစ်မျိုးတည်းဖြင့်သာ ပြောင်းလဲထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

၂။ ထိုသို့ HD စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲထုတ်လွှင့်မှုများသည် အရုပ်/အသံအရည်အသွေးကောင်းမွန်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်ပြီး Digital စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေကြသည့် ရုပ်မြင်သံကြားဖမ်းစက်များအနေဖြင့် HD အရည်အသွေးအတိုင်း ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၃။ Analogue စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေသော TV များတွင်မူ မည်သည့်ချိန်ညှိမှုကိုမှ ပြုလုပ်ရန် မလိုအပ်ဘဲ ယခင်အတိုင်း ဆက်လက်ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

၄။ မြန်မာ့ရုပ်မြင်သံကြား ပရိသတ်များအနေဖြင့် MRTV Channel အား HD စနစ်သို့ အဆင့်မြှင့်တင်ကြည့်ရှုနိုင်ရန် DVB-T2 Set-top Box (သို့မဟုတ်) DVB-T2 Tuner ပါရှိသော LCD/LED TV များအား Auto Tuning ပြန်လည်ပြုလုပ်ခြင်းဖြင့် ရုပ်/သံအရည်အသွေးကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

(က) DVB-T2 Set-top Box ဖြင့် ဖမ်းယူပါက

Menu မှ Channel Search ကို ရွေးပြီး Auto Search သို့ သွား၍ OK နှိပ်ပါ။

**Menu ⟶ Channel Search ⟶ Auto Search ⟶ OK**

(ခ) DVB-T2 Tuner ပါရှိသော LCD / LED Flat TV များဖြင့် ဖမ်းယူကြည့်ရှုပါက

Menu မှ Channel ကိုသွားပြီး Tuner Type တွင် Antenna ကိုရွေး၍ OK နှိပ်ပါ။ ပြီးလျှင် Auto Scan ကိုနှိပ်ပါ။ Country တွင် (Myanmar) နှင့် Mode တွင် ( DTV+ ATV ) တို့ကိုရွေးချယ်၍ Start သို့ သွားပြီး OK နှိပ်ပါ။

**Menu ⟶ Channel ⟶ Tuner Type ⟶ Antenna**

**Auto Scan ⟶ Country (Myanmar) ⟶ Mode (DTV+ATV) ⟶**

**Start ⟶ OK**

(ဂ) Analogue TV (Tube) ကို Set-top Box နှင့် ချိတ်ဆက်ကြည့်ရှုပါက ရုပ်ပုံအရွယ်အစား ချိန်ညှိရန်အတွက်

Set-top Box ၏ Menu မှ Picture ကိုနှိပ်ပြီး Aspect Ratio မှ 16:9 Wide Screen ကိုရွေး၍ OK နှိပ်ပါ။

**Menu ⟶ Picture ⟶ Aspect Ratio ⟶ 16:9 Wide Screen ⟶ OK**

၅။ ဖမ်းယူချိန်ညှိပြီးပါကChannel Box တွင် အောက်ပါအစီအစဉ်အတိုင်းChannel များကို ဖမ်းယူရရှိမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (1) | MRTV-HD | (12) | MNTV |
| (2) | MRTV-SD | (13) | Channel-9 |
| (3) | MRTV Hluttaw | (14) | Mizzima |
| (4) | MRTV NRC | (15) | DVB |
| (5) | MRTV Farmer | (16) | Channel K |
| (6) | MRTV Sport | (17) | YTV |
| (7) | MRTV Entertainment | (18) | Fortune |
| (8) | MI | (19) | Myanma Radio |
| (9) | MRTV-4 | (20) | Upper TineyinThar |
| (10) | Channel-7 | (21) | Lower TineyinThar |
| (11) | 5- Plus | | |

၆။ အထက်အပိုဒ် ၅ ပါ ဒီဂျစ်တယ်ရုပ်သံလိုင်းများအား ဖမ်းယူကြည့်ရှုနေသူများအနေဖြင့်လည်း(၁၅-၁-၂၀၂၀) ရက်နေ့မှစတင်၍ အထက်အပိုဒ် ၄ ပါ အစီအစဉ်များအတိုင်း Auto Tuning ပြန်လည်ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

၇။ မြန်မာ့ရုပ်မြင်သံကြားကြည့် ပရိသတ်များအနေဖြင့် ထိုသို့ ဖမ်းယူကြည့်ရှုရာတွင် အဆင်မပြေမှုတစ်စုံတစ်ရာရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) 9 Meter Earthstation (တပ်ကုန်း ၊ ရုံးချုပ်) ဖုန်း၊ ၀၉-၄၀၈၀၈၂၀၉၀

(ခ) 9 Meter Earthstation (ရန်ကုန် ၊ ပြည်လမ်း) ဖုန်း၊ ၀၉-၄၀၈၀၈၂၀၈၀

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

# တန့်ကြည့်တောင် စွယ်တော်မြတ်ရှင်စေတီတော်သို့ လာရောက်ဖူးမြော်သူ ပြည်သူများဖြင့် စည်ကား

**ပခုက္ကူ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် တန့်ကြည့်တောင်ပေါ်ရှိ တန့်ကြည့်တောင်စွယ်တော်မြတ်ရှင် စေတီတော်သို့ နှစ်သစ်ကူးရုံးပိတ်ရက်ဖြစ်သည့် ဇန်နဝါရီ ၁ ရက်တွင် ဘုရားဖူး ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ တန့်ကြည့်တောင်စွယ်တော်မြတ်ရှင် စေတီတော်သည် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ရွှေစည်းခုံစေတီ၊ လောကနန္ဒာစေတီ၊ တန့်ကြည့်တောင်စေတီနှင့် တုရင်တောင်စေတီစသည့် ကောင်းမှုမြတ်စွယ်တော်လေးဆူတို့တွင် တစ်ဆူအပါအဝင်ဖြစ်သည်။

ထိုမြတ်စွယ်တော် လေးဆူအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အလှူငွေများကို အညီအမျှ ကပ်လှူပူဇော်ပါက လိုရာဆန္ဒပြည့်ဝမည်ဟု ယုံကြည်ကြသောကြောင့် အဖွဲ့များ၊ သူငယ်ချင်းများနှင့် မိသားစုများအလိုက် လာရောက်ဖူးမြော်ကာ အလှူအတန်းများ ပြုလုပ်တတ်ကြပြီး ပုဂံညောင်ဦးမှတစ်ဆင့် ဧရာဝတီမြစ်ကို စက်လှေများဖြင့်လည်းကောင်း၊ ပခုက္ကူမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့်လည်းကောင်း သွားရောက်ဖူးမြော် ကြည်ညိုနိုင်ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# နှစ်သစ်နှစ်ဦး၌ အောင်ဘာလေထီ ကျပ်သိန်းတစ်သောင်းခွဲဆုကြီး မြိတ်မြို့မှ ဆွတ်ခူးရရှိ

**မြိတ် ဇန်နဝါရီ ၁**

၂၀၂၀ ပြည့်နှစ် နှစ်သစ်နှစ်ဦးတွင် (၁၁)ကြိမ်မြောက် အောင်ဘာလေထီ ကျပ်သိန်းတစ်သောင်းခွဲဆုကြီးကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားနယ်မြေ ခရူတောရပ်ကွက် ဗိုလ်ဗထူး(၃)လမ်းတွင် နေထိုင်သော ဦးဂျပန် (ခ) ဦးသန်းထွေး မိသားစုက ဆွတ်ခူးရရှိခဲ့သည်။

ကျပ်သိန်းတစ်သောင်းခွဲဆုကြီးကို တိုးချဲ့ဈေးအနီး ရတနာသိန်းထိုက်အောင် ထီဆိုင်မှ င ၂၀၄၅၈၈ ထီလက်မှတ်ဖြင့် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါဆုကြီးကို သုံးစောင်တွဲထီလက်မှတ်မှ ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ကံထူးရှင်မိသားစုသည် ခရူတောရပ်ကွက်တွင် နေထိုင်ကာ မြိတ်တောင်ကျေးရွာ တိုးချဲ့ဈေး၌ အထည်အရောင်းဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ၎င်းလုပ်ငန်းကို တိုးချဲ့ကာ ဆက်လက်လုပ်ကိုင်သွားမည်ဟု ၎င်းမိသားစုက ဆိုသည်။

"တစ်လတစ်လကို သုံးစောင်တွဲ လေးအုပ် လတိုင်းထိုးပါတယ်။ လှူချင်တန်းချင်တာပါတဲ့အတွက် စိတ်ထက်သန်စွာ လတိုင်းထိုးပါတယ်။ အရင်စထိုးတုန်းက ငါးသောင်းဆု ပေါက်ဖူးတယ်။ နောက်တစ်လ ထိုးတာ ငါးသောင်းဆု ပေါက်တယ်။ အဲဒီကစပြီး လတိုင်းထိုးတာ မပေါက်တော့ဘူး။ ဇွဲမလျှော့ဘဲ ဆက်ထိုးတာ အခု သိန်းတစ်သောင်းခွဲ ပေါက်တယ်။ အလှူကြီးတွေ ဆက်တိုက်ပေးသွားချင်တယ်။ သားသမီးတွေကိုလည်း ကောင်းကောင်းမွန်မွန် ထားချင်တယ်။ အလုပ်အကိုင်ကတော့ အမျိုးသမီး အဝတ်အထည်တွေ ရောင်းပါတယ်။ သားသမီးတွေ ကြီးလာမှပဲ လုပ်ငန်းကြီးတွေချပေးမယ်။ ကျွန်တော်တို့ သာမန်ပြည်သူတွေအားလုံး ကိုယ်ရှာထားတဲ့ ချွေးနဲ့စာနဲ့ တစ်လကို တစ်စောင်လောက်တော့ ထိုးပါလို့ ပြောချင်ပါတယ်" ကံထူးရှင် ဦးဂျပန်က ပြောသည်။

မြိတ်မြို့တွင် ကျပ် ၁၀၀၀ တန် အောင်ဘာလေထီ လက်မှတ်မှ ဆုကြီးများအနေဖြင့် ကျပ်သိန်း ၅၀၀၀ ဆုကို (၃)ကြိမ်မြောက်တွင် ဆွတ်ခူးရရှိခဲ့ဖူးပြီး ယခု (၁၁)ကြိမ်မြောက်တွင် ကျပ်သိန်းတစ်သောင်းခွဲဆုကြီးကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အဘိုး တစ်ထောင်၊ အဘွားတစ်ထောင် ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁**

ယနေ့ စားသောက်ကုန်စည်ဖြစ်သည့် နေ့စဉ် ဆန်ပေါက်ဈေးနှုန်းကို ထက်ဝက်လျှော့ရောင်းချပေးနေသော မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ညီညွတ်ရေးလမ်းရှိ ကောက်ရိုးနွယ် လူမှုအကျိုးပြုအဖွဲ့က ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် အဘိုး တစ်ထောင်၊ အဘွား တစ်ထောင် ပူဇော်ကန်တော့ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကောက်ရိုးနွယ်လူမှုအကျိုးပြုအဖွဲ့အနေနဲ့ အခု ဆန်တစ်ပြည် ငွေကျပ် ၂၇၀၀ နဲ့ပေးဝယ်နေရတဲ့ဆန်ကို အရှုံးခံပြီး ထက်ဝက်လျှော့ရောင်းချပေးခဲ့တာ (၆၉)ကြိမ်မြောက်ရှိပြီ၊ လူတစ်ကိုယ် ဆန်တစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ အချိုမှုန့် ၁၀၀ ကျပ်တန် တစ်ထုတ် စုစုပေါင်း ကျပ် ၂၀၀၀ နဲ့ ရောင်းချပေးတာပါ။ ငွေအကြွေ ပြန်ပေးတာမလုပ်ရတော့ဘူးပေါ့။ အကျိုးအမြတ် လုံးဝ မယူထားပါဘူး။ ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့မှာ အသက် ၈၅ နှစ်နှင့်အထက် အဘိုး တစ်ထောင်၊ အဘွား တစ်ထောင် ပူဇော်ကန်တော့ပွဲလုပ်ဖို့ စီစဉ်ထားပါတယ်" ဟု ကောက်ရိုးနွယ် လူမှုအကျိုးပြုအဖွဲ့ ဥက္ကဋ္ဌ ဦးသောင်းစိန်က ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(အင်္ဂပူမြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၃ ၊ ၄)ရက်၊( သောကြာ ၊ စနေ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
နန်ကသူခန်းမ ၊ အ.ထ.က-ကွင်းကောက် ၊ အင်္ဂပူမြို့။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် လပွတ္တာခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(လပွတ္တာမြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၇ ၊ ၈)ရက်၊( အင်္ဂါ ၊ ဗုဒ္ဓဟူး )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ဧရာဝတီခန်းမ ၊ အ.ထ.က(၂) ၊ လပွတ္တာမြို့။

# မူဆယ်မြို့ မြန်မာ-တရုတ် နယ်စပ်ဂိတ်(နန်းတော်ဂိတ်)မှ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများကို တရားဝင် အဝင်/အထွက် စတင်ခွင့်ပြု

**မူဆယ် ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ နယ်စပ်ဒေသ မြန်မာ-တရုတ် နှစ်နိုင်ငံ ဝင်/ထွက်ဂိတ်(နန်းတော်ဂိတ်)မှ မြန်မာနိုင်ငံ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော တရုတ်နိုင်ငံသားများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှစတင်ပြီး တရားဝင် ဝင်/ထွက် ခွင့်ပြုပြီဖြစ်ကြောင်း မူဆယ်မြို့ လူဝင်မှုကြီးကြပ်ရေးဦးစီး ဌာနမှ သိရသည်။

### ခရီးသွားဧည့်သည်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ်

"နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ဒီနေ့မှာ အထူးကတ် ကိုင်ဆောင်ထားတဲ့သူတွေကို စတင်ပြီး မူဆယ်မြို့ နန်းတော်ဂိတ်ကနေ အဝင်/အထွက် ခွင့်ပြုတဲ့နေ့ ဖြစ်ပါတယ်။ နှစ်နိုင်ငံအတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ တစ်ဖက်နိုင်ငံသားတွေကိုလည်း ယုံကြည်စိတ်ချစွာနဲ့ ဝင်ရောက်လာစေချင်ပါတယ်။ အထူးကတ် ကိုင်ဆောင်ထားတဲ့သူတွေက မူဆယ်မြို့ကနေ မန္တလေးမြို့အထိ လွတ်လပ်စွာ သွားရောက်နိုင်မှာဖြစ်ပါတယ်။ စီးပွားရေးလမ်းကြောင်းတွေလည်း ဖွံ့ဖြိုးတိုးတက်ပွင့်လင်းလာမယ်။ မြန်မာနိုင်ငံက သဘာဝအရင်းအမြစ်တွေရဲ့ အလှတရားတွေကို တစ်ဖက်နိုင်ငံသားတွေကလည်း သိလာမယ်။ ဒီလို အပြန်အလှန် အဝင်/အထွက် လုပ်ခြင်းအားဖြင့် ခရီးသွားဧည့်သည်ကဏ္ဍတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာမယ်" ဟု ရှမ်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလွင်က ပြောသည်။



မြန်မာ-တရုတ် နှစ်နိုင်ငံ ဝင်/ထွက်ဂိတ်(နန်းတော်ဂိတ်)တွင် ခရီးသွားဧည့်သည်များကို တွေ့ရစဉ်။

သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများကို မြန်မာနိုင်ငံဘက်တွင် ရက် ၃၀ နေထိုင်ခွင့်ပြုထားပြီး တရားဝင် ဝင်/ထွက်ခွင့်ပြုသည့်အတွက် တခြားနိုင်ငံများသို့လည်း သွားရောက်နိုင်မည်ဖြစ်သည်။ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများ မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်လာသူ ပိုမိုများပြားလာပါက အရေးအတွက်ပေါ်မူတည်၍ အစီအမံများလည်း ရေးဆွဲထားပြီဖြစ်ကြောင်း သိရသည်။

"သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေဟာ နယ်စပ်ဂိတ်ကနေ တရားဝင် အဝင်/အထွက် ခွင့်ပြုနေပါပြီ။ နှစ်နိုင်ငံဆက်ဆံရေးနဲ့ ချစ်ကြည်ရေးတွေလည်း ပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။ ပြည်သူလူထုတွေကို သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ပြီး တရားဝင် အဝင်/အထွက် သွားလာခွင့်ရအောင်လည်း နှစ်နိုင်ငံလူကြီးတွေနဲ့ စီစဉ်ဆောင်ရွက်နေပါတယ်။ ပြည်သူလူထုတွေလည်း အထူးကတ်ကိုင်ဆောင်နိုင်ဖို့အတွက် မြန်မာနိုင်ငံဘက်ကလည်း အတူတကွ ပူးပေါင်းဆောင်ရွက်စေချင်ပါတယ်"ဟု တရုတ်နိုင်ငံ ရွှေလီမြို့ စက်မှုနှင့်ကုန်သွယ်ရေး၊ သိပ္ပံနှင့် နည်းပညာတာဝန်ခံ မစ္စတာဝှန်းယုံးက ပြောသည်။

### နိုင်ငံနယ်နိမိတ်များကို လွတ်လပ်စွာလည်ပတ်သွားလာနိုင်မည်

သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများကို လွတ်လပ်စွာဖြင့် အဝင်/အထွက်ခွင့်ပြုခြင်းအားဖြင့် နှစ်နိုင်ငံစီးပွားရေးကဏ္ဍများနှင့် နှစ်နိုင်ငံ လုပ်ငန်းပိုင်းဆိုင်ရာများ၊ ခရီးသွားဧည့်သည်များ သွားလာလည်ပတ်မှု ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများသည် နိုင်ငံကူးလက်မှတ်(Visa) လျှောက်ထားသည့် နိုင်ငံနယ်နိမိတ်များကို လွတ်လပ်စွာလည်ပတ်သွားလာနိုင်မည် ဖြစ်သည်။

၁၉၉၇ ခုနှစ် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်၊ ၁၉၉၈ ခုနှစ် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်တို့အရ တရုတ်နိုင်ငံဘက်မှ အပြန်အလှန်အနေဖြင့် သံတမန်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သည့် မြန်မာနိုင်ငံသားများကိုလည်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှစတင်ပြီး လွတ်လပ်စွာဖြင့် တရားဝင် အဝင်/အထွက် ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်၊ ဓာတ်ပုံ-မိုင်းဘဉာဏ်(ကွတ်ခိုင်)**

# ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးရုံးပိတ်ရက်များကို ခရီးသွားလည်ပတ်၍ ပျော်ရွှင်စွာဖြတ်သန်းခဲ့ကြသူများ၏ စကားသံများ

နေပြည်တော် ဇန်နဝါရီ ၁

**၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးရုံးပိတ်ရက်များကို ခရီးသွားလည်ပတ်၍ ပျော်ရွှင်စွာဖြတ်သန်းခဲ့ကြပြီးနောက် သက်ဆိုင်ရာလုပ်ငန်းခွင်အသီးသီးသို့ ပြန်လည်ဝင်ရောက်ရန်နှင့် နေရပ်ဒေသများသို့ ပြန်ကြရန် ရန်ကုန်-မန္တလေး အမြန်လမ်း ၁၁၅ မိုင် ယာဉ်ရပ်နားစခန်းတွင် ခရီးတစ်ထောက် ခေတ္တအနားယူနေကြသူများနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ရေးသားဖော်ပြလိုက်ပါသည်-**



မခင်သန္တာကျော်



ဦးရွှေဘ



ဒေါ်မော်မော်လွင်



ဦးလှိုင်ဝင်းထွဋ်

**မခင်သန္တာကျော်(ဝန်ထမ်း)**

ကျွန်မတို့ နှစ်သစ်ကူးရုံးပိတ်ရက်မှာ သံတောင်ကြီးကို တစ်ညအိပ် ခရီးစဉ် သွားခဲ့တာပါ။ မနက်ဖြန်ဆိုရင် ရုံးတွေဖွင့်ပြီဆိုတော့ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ရတော့မှာ ဖြစ်ပါတယ်။ သူငယ်ချင်း ရှစ်ယောက်စုပြီး ခရီးထွက်ကြတာပါ။ တောထဲသွားတဲ့အခါ စိတ်လှုပ်ရှားစရာကောင်းပြီး ပျော်ဖို့လည်း ကောင်းပါတယ်။ နေဘုဘောတောင်မှာရှိတဲ့ Church ကျောင်းကို သွားလည်ဖြစ်တယ်။ အမွှာတောင်လို့လည်းခေါ်တဲ့ ကရင်နှစ်သစ်ကူးတောင်ကိုလည်း ရောက်တယ်။ လက်ဖက်ခင်းတွေ သွားလေ့လာတယ်။ ပသီချောင်းမှာလည်း ပျော်ခဲ့ပါတယ်။ ၂၀၂၀ နှစ်သစ်ကိုတော့ သံတောင်ကြီးမှာပဲ သူငယ်ချင်းတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းခဲ့ပါတယ်။

**ဒေါ်နီလာထွေး(ကုန်သည်)**

နှစ်သစ်ကို နေပြည်တော်မှာ အေးအေးချမ်းချမ်း ဖြတ်သန်းချင်လို့ ရန်ကုန်မြို့ကနေ လာခဲ့ကြတာပါ။ အန်တီတို့ မိသားစုနဲ့ သမီး သူငယ်ချင်းတွေပါတယ်။ အပြန်ကျတော့ ဖိုးကျားဆင်စခန်းဝင်မယ်။ နေပြည်တော်မှာရှိတဲ့ ဘုရားတွေ ဝင်ဖူးတယ်။ နှစ်သစ်ကူးရက်မှာ နေပြည်တော်က ဟိုတယ်မှာပဲ မိသားစုတွေ၊ သမီးရဲ့ သူငယ်ချင်းတွေနဲ့ပဲ ချက်ပြုတ်စားသောက်ပြီး ဖြတ်သန်းခဲ့ကြပါတယ်။ နှစ်သစ်မှာ ဒီလို ခရီးလေးထွက်ပြီးတော့ အေးအေးချမ်းချမ်း အနားယူရတာ တစ်နှစ်တာလုံး ပင်ပန်းခဲ့တာတွေ၊ စိတ်ဖိစီးတာတွေ ပျောက်ကင်းသွားသလိုပါပဲ။ ကျန်းမာရေးအတွက်လည်း ဒီလိုခရီးထွက်တာ ကောင်းတယ်။

**ဦးရွှေဘ(ကုမ္ပဏီယာဉ်မောင်း)**

ရုံးပိတ်ရက်မှာ မိသားစုတွေနဲ့ အတူ တောင်ကြီး-အင်းလေး-ပင်းတယ-ကလောကို လေးညအိပ်ငါးရက် ဘုရားဖူးပြီး ပြန်လာတာပါ။ အပြန်မှာတော့ နေပြည်တော်မှာရှိတဲ့ ဘုရားတွေကို ဝင်ရောက်ဖူးမြော်ခဲ့ပါတယ်။ ခုလိုရုံးပိတ်ရက်မှာ ခရီးသွားရတာ စိတ်ပေါ့ပါးပြီး ပင်ပန်းသမျှ ပြေပျောက်စေသလို နှစ်သစ်မှာ လုပ်ငန်းခွင်ဝင်တဲ့အခါ အလုပ်လုပ်နိုင်ဖို့လည်း ခွန်အားတွေ ဖြစ်စေပါတယ်။ ၂၀၂၀ နှစ်သစ်မှာ တိုင်းပြည်အေးချမ်းသာယာဖို့၊ ပြည်သူလူထုတွေ စားဝတ်နေရေး အဆင်ပြေဖို့ ဆုတောင်းပေးပါတယ်။

**ကိုကျော်ကျော် (အောင်သပြေ ဘုရားဖူးပို့ဆောင်ရေးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း)**

ကျွန်တော်တို့ ခရီးသွားလုပ်ငန်းက နှစ်သစ်ကူးပိတ်ရက်မှာ ပြင်ဦးလွင် ပန်းပွဲတော်၊ စစ်ကိုင်း၊ မန္တလေး၊ အင်းဝ၊ မုံရွာ အလောင်းတော်ကဿပ၊ ကျောက်စိမ်းစေတီကို သွားတယ်။ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ဆိုတော့ သူတို့ သူငယ်ချင်းတွေနဲ့အတူ ခရီးထွက်ကြတဲ့ ကျောင်းသားတွေပါတယ်။ နှစ်သစ်ကူးချိန်မှာတော့ အစ်ကိုတို့ကားက ၁၁၅ မိုင်မှာ ရောက်နေတော့ အဲဒီမှာပဲ ကားပေါ်ပါတဲ့ ခရီးသွားပြည်သူတွေနဲ့အတူ နှစ်သစ်ကို ဖြတ်သန်းလိုက်ပါတယ်။ ဒီလို ကားပေါ်မှာပါတဲ့ ခရီးသည်တွေနဲ့ ပေါ့ပေါ့ပါးပါးလေး ဖြတ်သန်းလိုက်ရတာလည်း အမှတ်တရတစ်ခုပါပဲ။ ၂၀၁၉ ခုနှစ်ထဲမှာ ရုံးပိတ်ရက်တွေလည်း များတော့ ဝန်ထမ်းတွေ၊ ကျောင်းသားတွေ၊ ကုမ္ပဏီဝန်ထမ်းတွေ အစုအဖွဲ့လိုက်ခရီးသွားကြတာတွေရှိပါတယ်။ နှစ်သစ်မှာ အားလုံး လုပ်ငန်းကိစ္စတွေ အဆင်ပြေချောမွေ့ကြပါစေလို့ ဆုတောင်းပေးပါတယ်။

**ဦးထွန်းထွန်းမင်း(ကုန်သည်)**

မိသားစုနဲ့အတူတူ နေပြည်တော်မှာရှိတဲ့ အစ်ကိုဆီမှာဝင်တည်းပြီး ပုဂံကို သွားလည်တယ်။ နေပြည်တော် ဘုရားတွေ ဝင်ဖူးတယ်။ ခရီးစဉ်ကတော့ သုံးညအိပ် လေးရက်ခရီးဖြစ်ပါတယ်။ အခုလို ခရီးထွက်ရတဲ့အတွက် ရပ်ဝေးမှာရှိတဲ့ ညီအစ်ကိုမောင်နှမတွေနဲ့လည်း ပြန်လည်ဆုံရတဲ့အတွက် ပျော်ဖို့ကောင်းပါတယ်။ နှစ်သစ်ကူးအချိန်ကိုတော့ မိသားစုတွေနဲ့အတူတူ ပျော်ပျော်ပါးပါး ချက်ပြုတ်စားသောက်ပြီး ဖြတ်ကျော်ခဲ့ပါတယ်။

**ဒေါ်မော်မော်လွင်(ဝန်ထမ်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန)**

နေပြည်တော်မှာ သူငယ်ချင်းတွေနဲ့ အတူတူဖြတ်သန်းဖို့အတွက် ရန်ကုန်မြို့ကနေ နေပြည်တော်ကို နှစ်သစ်ကူးအမီ သွားခဲ့တာပါ။ သူငယ်ချင်းတွေနဲ့အတူ ပျော်ပျော်ရွှင်ရွှင်နှစ်သစ်ကူးခဲ့တာပါ။ မနက်ဖြန်ရုံးတက်ရမှာဆိုတော့ ဒီနေ့ ရန်ကုန်မြို့ကို ပြန်မှာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် တစ်နှစ်လုံး အလုပ်တွေကြိုးစားပြီး အခုလို နှစ်သစ်ကူးချိန်မှာ ခရီးထွက်ပြီး စိတ်အပန်းဖြေရတာ စိတ်ပျော်ရွှင်လန်းဆန်းစေပါတယ်။ ၂၀၂၀ နှစ်သစ်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး အလုပ်တွေ အဆင်ပြေကြပါစေ။ ကျန်းကျန်းမာမာနဲ့ တစ်နှစ်ပတ်လုံး ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

**ဦးသန်းကျော်(လုံခြုံရေးဝန်ထမ်း)**

ဒီရက်ပိုင်းမှာ ပုံမှန်ထက် ဒီယာဉ်ရပ်နားစခန်းမှာ ကားဝင်ရောက်မှု သုံးဆလောက် ပိုရှိပါတယ်။ အိမ်စီးကား၊ ဘုရားဖူးကားတွေများပါတယ်။ မိသားစုတွေ၊ သူငယ်ချင်းတွေနဲ့ ကိုယ်ပိုင်အထက်တန်းကျောင်းက ကျောင်းသားတွေ အစုအဖွဲ့လိုက် ဘုရားဖူး ခရီးထွက်လာကြတာတွေ တွေ့ရတယ်။ ကျွန်တော်တို့က ကား အဝင်/ အထွက်ကို တစ်စီးနဲ့ တစ်စီး မထိခိုက်အောင်၊ ခရီးသွားတွေရဲ့ ပစ္စည်းတွေမပျောက်အောင် ၂၄ နာရီ တာဝန်ယူစောင့်ရှောက်ပေးပါတယ်။

**ဦးလှိုင်ဝင်းထွဋ်(ဒေးဒရဲမြို့)**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်ကပါ။ သူငယ်ချင်း ကိုးယောက်စုပြီး ခရီးသွားကြမှာပါ။ နှစ်သစ်ကိုတော့ ကျွန်တော်တို့မြို့မှာပဲ ဖြတ်သန်းခဲ့ပါတယ်။ အခုခရီးစဉ်က နှစ်သစ်မှာ စိတ်ပျော်ရွှင်စေဖို့ ခရီးထွက်တာဖြစ်ပါတယ်။ ဒီည မန္တလေးမှာအိပ်ပြီး မြစ်ကြီးနားကိုသွားမယ်။ ဇလုံတောင်တို့၊ အင်းတော်ကြီးတို့ သွားမယ်။ ပြီးရင် မိုးကုတ်ဝင်မယ်။ မိုးကုတ်ကနေ မန္တလေးကို ပြန်မယ်။ ခရီးစဉ်က တစ်ပတ်လောက် ကြာပါမယ်။ နှစ်သစ်မှာ ပထမဆုံးခရီးထွက်ရတာ ပျော်ဖို့ကောင်းပါတယ်။

**တွေ့ဆုံမေးမြန်း-မျိုးသူဟိန်း**
**ဓာတ်ပုံ-အေးသန်း**




ရန်ကုန်-မန္တလေး အမြန်လမ်း ၁၁၅ မိုင် ယာဉ်ရပ်နားစခန်းတွင် ခရီးသွားလည်ပတ်သူများကို တွေ့ရစဉ်။

# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၇ နာရီခွဲမှစတင်၍ ယှဉ်ပြိုင်ကစားကြရာ အသက်(၃၅နှစ်)အထက် ဘောလုံး(အမျိုးသား)ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိ အားကစား လေ့ကျင့်ရေးကွင်း(၁)တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီး ဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန အသင်းက ကိုးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်း နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားက စားလေ့ကျင့်ရေးကွင်း (၁)နှင့် (၂) ကြားတွင် လွန်ဆွဲအားကစားပြိုင်ပွဲ (အမျိုးသား)၊ (အမျိုးသမီး) ပွဲစဉ်များ ထုပ်ဆီးတိုး(အမျိုးသမီး) ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင် ကစားကြသည်။

ထို့အပြင် ဖူဆယ်အားကစားရုံ တွင် ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီမှစတင်၍ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြ ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီး ဌာနအသင်းနှင့် နိုင်ငံတော်အတိုင်ပင်ခံ ရုံးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင် ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ၁၁ ဂိုး-နှစ်ဂိုးဖြင့် လည်း ကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဌာနအသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစား ကြရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနအသင်းက ခုနစ်ဂိုး-သုံးဂိုးဖြင့် လည်းကောင်း၊ နေပြည်တော်စည်ပင် အသင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နေပြည်တော် စည်ပင်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွား ကြောင်း သိရသည်။ **မြန်မာ့အလင်း**



(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲ အသက် (၃၅နှစ်) အထက် ဘောလုံး(အမျိုးသား)ပြိုင်ပွဲ ကျင်းပစဉ်။

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပ

**မူဆယ် ဇန်နဝါရီ ၁**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အမျိုးသမီးလူငယ် ဖူဆယ်ဘောလုံး ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၃ နာရီ ခန့်က (၁၀၅)မိုင် ဖူဆယ်ဘောလုံး အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် အရှေ့ မြောက်တံခါး အများနှင့်သက်ဆိုင် သော ကုမ္ပဏီလီမိတက် သစ်သီး အေးဂျင့်ဥက္ကဋ္ဌ ဦးစိန်မောင်နှင့် ရပ်မိ ရပ်ဖ ဦးသန့်ဇင်တို့က အမှာစကား များ ပြောကြားကြသည်။

ဆက်လက်၍ အမျိုးသမီးလူငယ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို သစ်သီးအေးဂျင့် ဘဏ္ဍာရေးမှူး ဦးစိုးခိုင်က ပြောကြား ပြီး NEGFC အသင်းနှင့် ရီးရဲအမျိုးသမီး လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက် မှ ၄ ရက်ထိ ကျင်းပသွားမည်ဖြစ် ကြောင်းနှင့် ပြိုင်ပွဲကို အသင်း လေးသင်း ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်းသိရသည်။ ထို့အပြင် အဆိုပါ အားကစားသမားများ၏ ကျန်းမာရေးကို မိုင်းယု (၁၀၅)မိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက အခြေခံ ရှေးဦးသူနာပြုစုခြင်း နည်းလမ်းများဖြင့် ပြိုင်ပွဲပြီးဆုံးသွား သည်အထိ ကူညီဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

# မလှိုင်မြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲတွင် ကစားနည်း ၁၈ မျိုး ထည့်သွင်းကျင်းပမည်

**မလှိုင် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၌ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် အားကစား နည်း ၁၈ မျိုး ထည့်သွင်းကျင်းပမည် ဖြစ်ကြောင်း မလှိုင်မြို့နယ် အားကစား နှင့် ကာယပညာဦးစီးဌာနမှ သိရ သည်။

"လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အဖြစ် အားကစားပြိုင်ပွဲ ၁၈ မျိုး ထည့်သွင်းကျင်းပမှာ ဖြစ်ပါတယ်။ လွှတ်တော်ကနေ ကျွန်တော်တို့ကို ငွေကျပ်သိန်း ၂၀ ထောက်ပံ့ပါတယ်။ ကျွန်တော်တို့ ဒီနေ့မှာ ပိုက်ကျော် ခြင်း/ဘော်လီဘောနဲ့ ကြက်တောင် အားကစားတွေကို ကျင်းပမှာ ဖြစ်ပါ တယ်။ ပြေးခုန်ပစ် / ခေါင်းအုံးရိုက် ပြိုင်ပွဲနဲ့ ကလေးတွေ ပျော်ပွဲရွှင်ပွဲအနေ နဲ့ မုန့်စားပြိုင်ပွဲအစရှိတဲ့ အားကစား တွေကို ဇန်နဝါရီ ၃ ရက်မှာ ကျင်းပမှာ ဖြစ်ပြီး အားကစားအားလုံး ဆုပေးပွဲ တွေကို ဇန်နဝါရီ ၄ ရက်မှာ ကျင်းပ မှာ ဖြစ်ပါတယ်"ဟု မလှိုင်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်စိုးဝင်းက ပြောသည်။

ဇန်နဝါရီ ၁ ရက်မှစတင်၍ ပြိုင်ပွဲ များ ကျင်းပကာ ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲများ ကျင်းပသွားမည်ဖြစ် ကြောင်း မလှိုင်မြို့နယ် မဲဆန္ဒနယ်မြေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင်ထံမှ သိရသည်။

မလှိုင်မြို့တွင် ယနေ့ နံနက်ပိုင်း၌ ပိုက်ကျော်ခြင်းအားကစားနှင့် ဘော်လီ ဘောအားကစားတို့ကို စတင်ယှဉ်ပြိုင် ကစားလျက်ရှိပြီး ကြက်တောင် အားကစားပြိုင်ပွဲအား ယနေ့ညပိုင်း၌ စတင်ယှဉ်ပြိုင် ကစားမည်ဖြစ်ကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

● *ကျော့ဖုံးမှ*

၂၀၁၉ အိန္ဒိယဖိတ်ခေါ် Hero Gold Cup ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့ကာ ၂၀၁၉ အာဆီယံ အမျိုးသမီးပြိုင်ပွဲနှင့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲ တွင် တတိယဆုရရှိခဲ့သည်။ ထို့ပြင် ၂၀၂၀ အိုလံပစ်ခြေစစ်ပွဲတွင် ပထမ အဆင့်နှင့် ဒုတိယအဆင့် အောင်မြင် ပြီး တတိယအဆင့်ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ဦးဝင်း သူမိုးသည် လက်ရှိတွင် ဖေဖော်ဝါရီလ ၌ ယှဉ်ပြိုင်ရမည့် အိုလံပစ်တတိယ အဆင့် ခြေစစ်ပွဲအတွက် လေ့ကျင့် ပြင်ဆင်နေသော်လည်း တစ်ပတ် ကျော်အကြာတွင် နည်းပြချုပ်အဖြစ် မှ လမ်းခွဲခဲ့ရခြင်းဖြစ်သည်။ မြန်မာ နိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အိုလံပစ် တတိယအဆင့် ခြေစစ်ပွဲမတိုင်မီ နည်းပြသစ်တစ်ဦး အမြန်ဆုံးခန့်အပ် သွားမည်ဖြစ်ပြီး နိုင်ငံခြားသားနည်းပြ ကို ဦးစားပေးရှာဖွေလျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီး အသင်းသည် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုများစွာ ရယူနိုင်ခဲ့ သော်လည်း ယင်းနောက်ပိုင်းတွင် အောင်မြင်မှုနှင့် ဝေးကွာလာခဲ့ပြီး ချန်ပီယံဆုနှင့် ဝေးကွာလာသည်မှာ ဆယ်စုနှစ်တစ်ခုကျော် ကြာမြင့် လာပြီဖြစ်သည်။ ဆယ်စုနှစ်တစ်ခု ကျော်ကာလအတွင်း နိုင်ငံခြားသား နည်းပြနှစ်ဦးအပါအဝင် ပြည်တွင်း နည်းပြအချို့တာဝန်ယူခဲ့သော်လည်း အောင်မြင်မှုမရခဲ့ဘဲ ယခုနောက်ပိုင်း တွင် အရေးပါသည့် အမျိုးသမီးလိဂ် ပြိုင်ပွဲကို ကျင်းပပေးလျက်ရှိသည့် အပြင် လူငယ်ကစားသမားများကို နေရာပေးကာ အသုံးပြုလျက်ရှိ သည်။

**ညီမြတ်သော်တာ**

✻ *ကျော့ဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းသည် အာရှအဆင့် ကလပ်ပြိုင်ပွဲ များ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် ယင်းပွဲများနှင့် ညှိနှိုင်းကာ ရေးဆွဲထား ခြင်းဖြစ်သည်။ အိမ်ကွင်းအဖြစ် ရန်ကုန်အသင်းက YUSC ကွင်း၊ ရှမ်းယူနိုက် တက်အသင်းက တောင်ကြီးကွင်း၊ ရတနာပုံအသင်းက ဗထူး/မန္တလာသီရိကွင်း၊ ဧရာဝတီအသင်းက ပုသိမ်ကွင်း၊ ဟံသာဝတီ အသင်းက ပဲခူးကွင်း၊ Southern အသင်းက မော်လမြိုင်ကွင်း၊ အား/ကာသိပ္ပံအသင်းက မန္တလာသီရိကွင်း၊ စစ်ကိုင်းအသင်းက မုံရွာကွင်း၊ ရခိုင်အသင်းက ဝေသာလီကွင်းတို့ကို အသုံး ပြုမည်ဖြစ်သည်။

MNL အမှတ်ပေးပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ကျင်းပ ပြီးစီးခဲ့သည့် ၁၁ ကြိမ်တွင် ရန်ကုန်အသင်းက ငါးကြိမ်၊ ရတနာပုံအသင်းက လေးကြိမ်နှင့် ရှမ်းယူနိုက်တက်အသင်းက နှစ်ကြိမ် ဗိုလ်စွဲထားသည်။ ၂၀၁၉ ရာသီတွင်မူ ရှမ်းယူနိုက်တက်အသင်းက ရှုံးပွဲမရှိ စံချိန်နှင့်အတူ အမှတ်ပေး ချန်ပီယံဆုကို ဒုတိယအကြိမ် ရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နောက်ဆုံးသုံးနှစ်အတွင်း ချန်ပီယံဆုကို ဒုတိယအကြိမ်မြောက် ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ **ညီမြတ်သော်တာ**

## ထူးခြားသည့် အနိမ့်ဆုံးညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁**

ထူးခြားသည့် အနိမ့်ဆုံးညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့ တွင် ၅ ဒီဂရီစင်တီဂရိတ်၊ မင်းကင်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ မင်းတပ်မြို့နှင့် တွန်းဇံမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့် မချမ်းဘောမြို့၊ တီးတိန်မြို့နှင့် ရမ်ကလောင်းတို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### အူဘာမီယန်ကို ခေါ်ယူရေးတွင် အင်တာမီလန် ပါဝင်လာ

အင်တာမီလန်အသင်းသည် အာဆင်နယ်အသင်းမှ ဂါဘွန်တိုက်စစ်ကစား သမား အူဘာမီယန် (၂၉နှစ်) ကို ခေါ်ယူရေးတွင် ပါဝင်လာခဲ့ကြောင်း သတင်း များတွင် ဖော်ပြထားသည်။

### ချာလော့ဗ်ကို ခေါ်ယူရန် ချယ်လ်ဆီး ချိန်ရွယ်

ချယ်လ်ဆီးသည် စီအက်စ်ကေအေမော်စကိုမှ တိုက်စစ်မှူး ချာလော့ဗ် (၂၁နှစ်) ကို ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူလိုကြောင်း သတင်းများတွင် ဖော်ပြသည်။

### ရီကာဒို ပါရဲရားကို ကမ်းလှမ်းရန် ပြင်ဆင်

တော့တင်ဟမ်နည်းပြ မော်ရင်ဟိုသည် လက်စတာစီးတီးအသင်းမှ ပေါ်တူဂီ ဗဟိုခံစစ်ကစားသမား ရီကာဒို ပါရဲရား (၂၆နှစ်) ကို ပေါင်သန်း ၃၀ ဖြင့် ကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ရော်နယ်ဒို၏ စာချုပ်ကို ၂၀၂၃ ခုနှစ်အထိ သက်တမ်းတိုးရန် စီစဉ်

ဂျူဗင်တပ်စ်အသင်းသည် ပေါ်တူဂီတိုက်စစ်ကစားသမား ခရစ္စတီယာနို ရော်နယ်ဒို၏ စာချုပ်ကို ၂၀၂၃ ခုနှစ်အထိ သက်တမ်းတိုးရန် စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### စတိဗ်ဘာရစ် ကစားသမားသုံးဦး ခေါ်ယူလို

နယူးကာဆယ်နည်းပြ စတိဗ်ဘာရစ်သည် ကစားသမားသုံးဦးကို ယခုအပြောင်း အရွှေ့ကာလတွင် ခေါ်ယူလိုကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### မန်ယူအသင်းမှ ထွက်ခွာရန် ရိုဂျို ပြင်ဆင်

အာဂျင်တီးနားခံစစ်ကစားသမား မားကို့စ် ရိုဂျို (၂၉နှစ်) သည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ထွက်ခွာရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ရိုဒရီဂွက်ဇ်ကို ခေါ်ယူရေးတွင် အဲဗာတန် ဦးဆောင်

အဲဗာတန်အသင်းသည် ရီးရဲမက်ဒရစ်အသင်းမှ ကိုလံဘီယာကစားသမား ဂျိမ်းစ် ရိုဒရီဂွက်ဇ် (၂၈နှစ်) ကို ခေါ်ယူရေးတွင် ဦးဆောင်နေကြောင်း စပိန် အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

### ဗန်ဒိုက်၏ နေရာကို ဒီယေဂို ကားလို့စ်ဖြင့် ရှေရှည် အစားထိုးရန် စီစဉ်

လီဗာပူးအသင်းသည် ဗန်ဒိုက်၏ နေရာကို ရှေရှည် အစားထိုးရန်အတွက် စာချုပ်လျော်ကြေး ပေါင် ၆၅ သန်းရှိသော အသက် ၂၆ နှစ်အရွယ် ခံစစ်ကစား သမား ဒီယေဂို ကားလို့စ်ကို ခေါ်ယူရေးနှင့် ပတ်သက်ပြီး ဆီဗီလာအသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ဂတ်ဆင် ဖာနန်ဒက်စ်ကို ခေါ်ယူရန် ချိန်ရွယ်

မန်ယူအသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဘင်ဖီကာအသင်း မှ ပေါ်တူဂီကွင်းလယ်ကစားသမား ဂတ်ဆင် ဖာနန်ဒက်စ် (၂၀နှစ်) ကို ခေါ်ယူ ရန် ချိန်ရွယ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### စပါး ရှုံးပွဲကြုံပြီး လက်စတာအနိုင်ရခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၂၁)

ပရီမီယာလိဂ်ပွဲစဉ် (၂၁) ကို ဇန်နဝါရီ ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြ ရာ ဘရိုက်တန်နှင့် ချယ်လ်ဆီးအသင်းတို့ပွဲစဉ်တွင် တစ်ဂိုးစီသရေ၊ ဗီလာက ဘန်လေကို နှစ်ဂိုး-တစ်ဂိုး၊ လက်စတာက နယူးကာဆယ်ကို သုံးဂိုး- ဂိုးမရှိ၊ ဆောက်သမ်တန်က စပါးကို တစ်ဂိုး-ဂိုးမရှိ၊ ဝက်ဖို့ဒ်က ဝုဗ်လ်ကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **အောင်ဇော်**

# ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးညတွင် ယာဉ်မတော်တဆမှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကြောင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ထိခိုက်ဒဏ်ရာရရှိသူ ၉၀ ကျော် ရောက်ရှိခဲ့

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးမြို့၏ နှစ်သစ်ကူးညတွင် ယာဉ်မတော်တဆမှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကြောင့် မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးသို့ ထိခိုက်ဒဏ်ရာရရှိသူ ၉၀ ကျော် ရောက်ရှိခဲ့ကြောင်း အဆိုပါဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာခင်ကျော်၏ ပြောကြားချက်အရ သိရသည်။

မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးသို့ ဒီဇင်ဘာ ၃၁ ရက် ည ၈ နာရီမှ ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီအထိ ရောက်ရှိလာသည့် အဆိုပါလူနာများအနက် ပြင်ပလူနာအဖြစ် ယာဉ်မတော်တဆမှုကြောင့် ၃၃ ဦး၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ၃၀ ဦးနှင့် အခြားအကြောင်း အမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရှိသူ ခုနစ်ဦး စုစုပေါင်း ထိခိုက်ဒဏ်ရာရရှိသူ ၇၀ လာရောက်ကုသမှု ခံယူခဲ့ကြပြီး အတွင်းလူနာအဖြစ် ယာဉ်မတော်တဆမှုကြောင့် ၁၈ ဦး၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် လေးဦးနှင့် အခြားအကြောင်း အမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူ နှစ်ဦး စုစုပေါင်း ၂၄ ဦးတို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

"ဒီဇင်ဘာ ၃၁ ရက် နှစ်သစ်ကူးညမှာ ကျွန်တော်တို့ ဆေးရုံကြီးကို ထိခိုက်ဒဏ်ရာရရှိမှုကြောင့် လူနာ ၉၄ ဦး ရောက်ရှိခဲ့ပါတယ်။ နှစ်သစ်ကူးညမှာ ဒီလိုလူနာတွေ ရောက်ရှိလာရင် အရေးပေါ်ကုသပေးနိုင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေအနေနဲ့ ဆရာဝန်နဲ့ သူနာပြုအင်အားက လုံလောက်စွာ ရှိနေတဲ့အတွက် လုပ်သားအင်အားနဲ့ ဆေးဝါးတွေကိုပဲ ထပ်မံဖြည့်ဆည်းထားပြီး ကုသပေးခဲ့ပါတယ်။ နှစ်သစ်ကူးညမှာ ထိခိုက်ဒဏ်ရာရရှိသူတွေကို ဆေးရုံကြီးက အရေးပေါ်လူနာတင်ယာဉ် သုံးစီး၊ လူမှုကူညီရေးအဖွဲ့တွေက လူနာတင်ယာဉ် ခုနစ်စီးနဲ့အတူ လူအင်အား ၇၀ ကျော်က ပါဝင်ကူညီပြီး ဆေးရုံကြီးကို ပို့ဆောင်ပေးခဲ့ပါတယ် " ဟု ဆေးရုံအုပ်ကြီးက ပြောသည်။

မန္တလေးမြို့တွင် နှစ်သစ်ကူး ကြိုဆိုပွဲများအား နှစ်စဉ် ဒီဇင်ဘာ ၃၁ ရက် ညပိုင်းတွင် ပျော်ရွှင်စွာ ကျင်းပလျက်ရှိသည့် နည်းတူ ယင်းညတွင် ယာဉ်မတော်တဆမှုများနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကြောင့် ထိခိုက် ဒဏ်ရာရရှိမှုများလည်း ဖြစ်ပေါ်ခဲ့ရာ မန္တလေးအထွေထွေ ရောဂါကုဆေးရုံကြီး၏ မှတ်တမ်းများအရ ၂၀၁၇ – ၂၀၁၈ ခုနှစ် နှစ်သစ်ကူး ညပိုင်းတွင် ယာဉ်မတော်တဆမှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၆၁ ဦးနှင့် ယာဉ်တိုက်မှုကြောင့် သေဆုံးသူ လေးဦး ရှိခဲ့ပြီး ၂၀၁၈ – ၂၀၁၉ ခုနှစ် နှစ်သစ်ကူး ညပိုင်းတွင် ယာဉ်မတော်တဆမှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ပြင်ပလူနာ ၆၀ နှင့် အတွင်းလူနာအဖြစ် ၂၀ ဦးရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာ့ရုပ်မြင်သံကြား

၂–၁–၂၀၂၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆:၀၀ | – | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၀၀ | – | Breakfast News |
| ၈:၅၀ | – | ပြည်သူ့အကျိုးပြု မှတ်တိုင်များ "ရန်ကုန်မြို့တော် တစ်ခွင်" (ရန်ကုန်မြို့မှ ကြိုဆိုပါတယ် ခရီးသွားကဏ္ဍမြင့်တင်မယ်) |
| ၉:၁၅ | – | လှပစုံလင်အာဆီယံတစ်ခွင် |
| ၁၀:၃၀ | – | ရုပ်ရှင်ရာပြည့်(Promo) |
| ၁၀:၃၅ | – | အလုပ်သမားရေးရာ အစီအစဉ် |
| ၁၁:၄၅ | – | လွတ်လပ်ရေးနေ့ ဂုဏ်ပြုတေးများ |
| ၁၂:၃၅ | – | "အယ်လ်ဘာ့တီးနားဆိုလီ ယာနီနှင့် တွေ့ဆုံမေးမြန်းခန်း" |
| ၁၂:၄၅ | – | ပြည်သူ့နီတိ"ရိုးဂုဏ်" |
| ၁၃:၁၅ | – | နိုင်ငံခြားဇာတ်လမ်းတွဲ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၂၀ | – | တက္ကသိုလ်ရာပြည့်ဂုဏ်ပြု Logo (100) |
| | – | တက္ကသိုလ်ရာပြည့်ဂုဏ်ပြု အစီအစဉ်(Promo) |
| ၁၇:၀၅ | – | NHK အစီအစဉ် |
| ၁၇:၃၀ | – | လူမှုစီးပွားမြင်ကွင်းများ |
| ၁၉:၂၀ | – | "လွတ်လပ်ရေးတေးသံ ဇာတိမာန်"(အပိုင်း–၂) |
| ၂၀:၀၀ | – | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀:၃၀ | – | ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ |
| ၂၀:၃၅ | – | တက္ကသိုလ်ရာပြည့်ဂုဏ်ပြု Logo(100) |
| | – | တက္ကသိုလ်ရာပြည့်ဂုဏ်ပြု အစီအစဉ်(Promo) |
| | – | သမိုင်းကိုဖော်ပြသော ဝါကျများ"လူ့ရွှင်တော်ကြီး ဦးမြတ်သာနှင့် တွေ့ဆုံခြင်း" |
| | – | ဆေးရောင်စုံရုပ်ရှင် "သူ့ကျွန်မခံပြီ" (ပထမပိုင်း) |

## မင်္ဂလာဒုံမြို့နယ်အတွင်း ဆိုင်ကယ်ခိုးသူ တစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်နှင့်အညီ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၂ ရက် ည ၉ နာရီခန့်က နယ်မြေအတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ခင်မောင်ထွေး (ခ) ဟာစန်းလေးအား မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်အတွင်း တွေ့ရှိစစ်ဆေးရာ ၎င်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလပိုင်းတွင် မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းရပ်ကွက်၊ ဂရုဏာလမ်းထိပ်တွင် ရပ်ထားသော ဆိုင်ကယ် တစ်စီးကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမှုဖွင့် ဖမ်းဆီးခဲ့သည်။



ဖမ်းဆီးရမိသူ ခင်မောင်ထွေး(ခ) ဟာစန်းလေး အား အခြားခိုးမှုများဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၉ ခုနှစ် မေလမှ နိုဝင်ဘာလ အတွင်း မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ၊ အောင်မင်္ဂလာပတ်လမ်းတွင် ရပ်ထားသော ဆိုင်ကယ် တစ်စီးနှင့် သဃ်န်းကျွန်းဈေးအနီးရပ်ထားသော ဆိုင်ကယ် တစ်စီး၊ ဝါယာလက်ဈေးအနီး ရပ်ထားသော ဆိုင်ကယ် တစ်စီး၊ မင်္ဂလာဒုံဈေး အနောက်ဘက်တွင် ရပ်ထားသော ဆိုင်ကယ် တစ်စီး၊ ကြူစမ်းရပ်ကွက်၊ ဂရုဏာ (၁) လမ်းထိပ်အနီး ရပ်ထားသော ဆိုင်ကယ် နှစ်စီး စုစုပေါင်း ဆိုင်ကယ် ခြောက်စီး ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်း ဆိုင်ကယ်များကို ပြန်လည်သိမ်းဆည်း ရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ ခင်မောင်ထွေး (ခ) ဟာစန်းလေးအား (ဝဲပုံ) ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆိုင်ကယ် ပိုင်ရှင်များအနေဖြင့် မင်္ဂလာဒုံမြို့မရဲစခန်းသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရေနီမြို့တွင် ယာဉ်တိုက်မှုနှစ်ခုဖြစ်ပွား၊ တစ်ဦးသေပြီး နှစ်ဦးဒဏ်ရာရ

**ရေတာရှည် ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့တွင် ဒီဇင်ဘာ ၃၁ ရက် ညပိုင်းနှင့် ဇန်နဝါရီ နံနက်ပိုင်းက ယာဉ်တိုက်မှု နှစ်ခုဖြစ်ခဲ့ပြီး တစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းနေ့ည ၁၁ နာရီ မိနစ်၅၀ ခန့်က ရေနီစက္ကူ စက်ရုံဝင်းဟောင်း ရှေ့ရှိ ကွန်ကရစ်လမ်းအတိုင်း မြောက်မှတောင်သို့ မြို့လှမြို့နေ ညိုမင်းဦး (၄၂နှစ်) မောင်းနှင်လာသော ဝန်ထမ်းကြိုပို့ယာဉ်သည် လမ်းဘေးတွင် ရပ်ထားသည့် ကွန်တင်နာယာဉ်အား ဝဲဘက်ခြမ်းမှ ကျော်တက်စဉ် ရှေ့မျက်နှာချင်းဆိုင်ဘက်မှ ရန်ကုန်မြို့နေ ဝဏ္ဏထွန်း (၃၀ နှစ်) (ကုမ္ပဏီဝန်ထမ်း) မောင်းနှင်လာသော ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့ပြီး ဝဏ္ဏထွန်းမှာ ရရှိသော ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့၍ ယာဉ်မောင်း ညိုမင်းဦးအား ရေနီ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ထားသည်။

အလားတူ ဇန်နဝါရီ ၁ ရက် နံနက် ၁၂ နာရီခွဲခန့်တွင် ရေနီမြို့ တောင်ဘက် တစ်မိုင်ခန့်အကွာ သရက်ကုန်းကျေးရွာအနီး၌ ရန်ကုန်–မန္တလေးကားလမ်းအတိုင်း တောင်မှ မြောက်သို့ အုတ်ဖိုရွာသစ်နေ မြင့်ကျော် (၂၅ နှစ်) မောင်းနှင်ပြီး ကောင်းထက်နိုင် (၂၁ နှစ်)၊ ရေနီစက္ကူ စက်ရုံဝန်ထမ်းလိုင်းနေသူ လိုက်ပါလာသော ဆိုင်ကယ်သည် အရှိန်ဖြင့် မောင်းနှင်လာစဉ် မိုင်တိုင် ၂၀၀/၂ နှင့် ၃ ကြား အခင်းဖြစ်နေရာ အရောက် ကားလမ်း အနောက်ဘက်ခြမ်းတွင် ရပ်တန့်ထားသည့် ၂၂ ဘီး ယာဉ်အား ဝင်တိုက်မိခဲ့သဖြင့် နှစ်ဦးစလုံး (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**သန်းလွင်(ဆွာ)**

## ကျွန်းစု၌ လျှပ်စစ်ဝိုင်ယာ အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်

**ကျွန်းစု ဇန်နဝါရီ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု မစမ်းပါးကျေးရွာအနီးရှိ ခိုင်ဇင်ယော်ကုမ္ပဏီ ခေတ်မီရေငန်ပုဇွန်မွေးမြူရေး စီမံကိန်းမှ သိုလှောင်ဂိုဒေါင်ရုံ၌ ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က လျှပ်စစ်ဝိုင်ယာအပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်ရာသို့ ခိုင်ဇင်ယော်ကုမ္ပဏီ ခေတ်မီရေငန်ပုဇွန်မွေးမြူရေး စီမံကိန်းမှ တာဝန်ခံဦးစိုးဦးနှင့် အလုပ်သမားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုကြောင့် ကုမ္ပဏီသိုလှောင် ဂိုဒေါင်ရုံ တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကာ လူနှင့် တိရစ္ဆာန် ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**စည်သူရအောင် (ကျွန်းစု)**



## မိုးမိတ်နှင့် နောင်ချိုမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁**

တပ်မတော်မှ ယမန်နေ့ နံနက် ၅ နာရီက မိုးမိတ်မြို့နယ် စင့်ကင်ကျေးရွာအနီး ပင်ရှားစေး – စင့်ကင်ကျေးရွာသွားလမ်းတွင် ကျော်ဦး မောင်းနှင်ပြီး ရွှေသား လိုက်ပါလာသော မော်တော်ဆိုင်ကယ်နှင့် အောင်ကျော် မောင်းနှင်လာသော မော်တော်ဆိုင်ကယ် နှစ်စီးကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ **(အပေါ်ပုံ)**

အလားတူ ယင်းနေ့ ညပိုင်းတွင် တပ်မတော်နှင့် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်–မန္တလေးသွားကားလမ်းတွင် ကျော်ဦး (ခ) အိုက်လန် မောင်းနှင်ပြီး စိုးနောင် လိုက်ပါလာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၇၄ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## မင်းဘူးမြို့တွင် လျှပ်စစ်ဝိုင်ယာအပူလွန်ကဲရာမှ မီးလောင်

**မင်းဘူး ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက် စည်ပင်သာယာဈေးလမ်းရှိ ကိုမိုး (ခ) ကိုအောင်မိုး၏ အထည်ဆိုင်နှင့် လျှပ်စစ်ပစ္စည်းဆိုင်သည် ဒီဇင်ဘာ ၃၁ ရက် ညသန်းခေါင်က လျှပ်စစ်ဝိုင်ယာကြိုးအပူလွန်ကဲရာမှ မီးစတင်လောင်ခဲ့သည်။ ယင်းမီးမှတစ်ဆင့် တစ်ထပ်တိုက်အား ကူးစက်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်ရာသို့ မင်းဘူးခရိုင် ဒုရဲမှူးကြီး ညီဝင်း၊ ရဲမှူး အောင်ကြည်မြင့်နှင့် တပ်ဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဝင်းစိန်နှင့် တပ်ဖွဲ့ဝင်များ၊ မင်းဘူးခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဒေသခံများနှင့် ထောက်ရှာပင် (ကမ်းနီ)/ မန်းရေနံမြေမှ မီးသတ်ရေယာဉ်များဖြင့် ဝိုင်းဝန်း ငြိမ်းသတ်ခဲ့ရာ ဇန်နဝါရီ ၁ ရက် နံနက် ၅ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**




# ဘရက်ဆစ်နောက်ပိုင်းကာလတွင် ဗြိတိန်၏အကျိုးစီးပွားနှင့် အခွင့်အလမ်းကိုဖန်တီးနိုင်မည့် ဆယ်စုနှစ်တစ်ခုဖြစ်လာစေမည်ဟု ဘောရစ်ဂျွန်ဆင်ကတိပြု

**လန်ဒန် ဇန်နဝါရီ ၁**

ရွေးကောက်ပွဲကျင်းပလိုသည့် ဆန္ဒကို ဖြည့်ဆည်းရန်နှင့် ဇန်နဝါရီလကုန်တွင် ဗြိတိန်ကို ဥရောပသမဂ္ဂမှ ဖယ်ထုတ်ရန်မှာ ပထမဆုံး ဦးစားပေးအစီအစဉ်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က နှစ်သစ်ကူးတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဒေါင်းနင်းလမ်း၌ ပြောကြားခဲ့သည့် နှစ်သစ်ကူးမိန့်ခွန်း၌ မစ္စတာဂျွန်ဆင်က ၂၀၂၀ ပြည့်နှစ်သည် ဗြိတိန်၏ အကျိုးစီးပွားနှင့် အခွင့်အလမ်းများကို ဖန်တီးမည့် ဆယ်စုနှစ်တစ်ခုဖြစ်စေရမည်ဖြစ်ကြောင်း အလေးအနက် ကတိပေးအပ်ခဲ့သည်။ ဥရောပသမဂ္ဂမှ ဗြိတိန်ခွဲထွက်ရေးနှင့် ပတ်သက်၍ ပြောကြားခဲ့ရာတွင် မစ္စတာ ဂျွန်ဆင်က ဘရက်ဆစ်ကိစ္စ ပြီးစီးသင့်ပြီဖြစ်သော်လည်း ဥရောပမှ ဗြိတိန်ထွက်ခွာရေးအတွက် ကျွန်ုပ်တို့၏ ကြိုးပမ်းမှုကို နည်းလမ်းပေါင်းစုံဖြင့် အဟန့်အတားဖြစ်အောင်လုပ်ဆောင်ရန် ဆုံးဖြတ်ထားသည့် ပါလီမန်လွှတ်တော်ကြောင့် ပိုမိုရှုပ်ထွေးခက်ခဲနေရကြောင်း ၎င်းက ပြောသည်။

မစ္စတာ ဂျွန်ဆင်က အမျိုးသားကျန်းမာရေးဝန်ဆောင်မှုကိစ္စသည် ၎င်း၏ အမြဲတမ်းဦးစားပေးအစီအစဉ်များအနက် တစ်ခုဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့ပြီး ဘရက်ဆစ်ကာလနောက်ပိုင်းတွင် ယင်းအတွက် စံချိန်တင်ရန်ပုံငွေဖွဲ့စည်းမည့် ဥပဒေတစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းရေးသည် အစိုးရအဖွဲ့၏ ပထမဆုံးလုပ်ဆောင်ချက်ဖြစ်လာမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ဆောင်မှုအတွက် ရန်ပုံငွေကို တစ်နှစ်လျှင် ဗြိတိန်သုံးပေါင်ငွေ ၃၄ ဘီလီယံ(အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံ) ထပ်ဆောင်းပေးသွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

အကြီးဆုံးဆေးရုံသစ်ကြီး တည်ဆောက်မည့်အစီအစဉ်ကို အကောင်အထည်ဖော်မည်ဖြစ်ပြီး ပညာရေးကို မြှင့်တင်မှုများ ပြုလုပ်မည်ဖြစ်ကြောင်းကိုလည်း ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က နှစ်သစ်ကူးမိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



နှစ်သစ်ကူးမိန့်ခွန်းပြောကြားနေသည့် ဗြိတိန်ဝန်ကြီးချုပ် မစ္စတာ ဘောရစ်ဂျွန်ဆင်။

# နစ်ဆန်းမော်တော်ကားကုမ္ပဏီ အကြီးအကဲဟောင်း လက်ဘနွန်နိုင်ငံသို့တိမ်းရှောင်

**တိုကျို ဇန်နဝါရီ ၁**

နစ်ဆန်းမော်တော်ကား ကုမ္ပဏီ အကြီးအကဲဟောင်း ကားလို့စ်ဂွင်းစ်သည် လက်ဘနွန်နိုင်ငံကို တိမ်းရှောင်သွားကြောင်း သတင်းရရှိသည်။ ကားလို့စ်သည် ဘဏ္ဍာရေးဆိုင်ရာ မတော်မတရားလုပ်မှုဆိုင်ရာ စွဲချက်များနှင့် ဂျပန်နိုင်ငံတွင် ရင်ဆိုင်နေရကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် တရားရေးစနစ် ပျက်ယွင်းနေသလို ခွဲခြားဆက်ဆံမှုနှင့် လူ့အခွင့်အရေးများလည်း ငြင်းပယ်ခံနေရကြောင်း၊ နိုင်ငံတကာ ဥပဒေနှင့် သဘောတူညီချက်များကို မလိုက်နာမှုများလည်း ဖြစ်ပေါ်နေကြောင်း၊ ယခုအကျပ်အတည်းက ရုန်းထွက်ပြီး သူသည် လက်ဘနွန်နိုင်ငံကို ရောက်နေပြီဖြစ်ကြောင်း ကားလို့စ်က ပြောသည်။

ကားလို့စ်သည် ၂၀၁၈ ခုနှစ် နိုဝင်ဘာလက ပထမဆုံးအကြိမ် ထိန်းသိမ်းခံရပြီး အာမခံနှင့် လွတ်လာခဲ့ပြီးနောက် အကြိမ်ကြိမ် ထပ်မံဖမ်းဆီးခြင်း ခံခဲ့ရသည်။

နောက်ဆုံး လွတ်မြောက်ချိန်တွင် သူ့အနေဖြင့် ဂျပန်နိုင်ငံမှ မထွက်ခွာပါဟု ခံဝန်ကတိပြုခဲ့သည်။

သို့သော်လည်း သူ့အနေဖြင့် ဂျပန်နိုင်ငံမှ မည်သို့မည်ပုံ ထွက်ခွာလာသလဲဆိုသည်ကို ပြောကြားထားခြင်းမရှိကြောင်း သိရသည်။

ကားလို့စ်သည် ပြင်သစ်၊ ဘရာဇီးနှင့် လက်ဘနွန်နိုင်ငံတို့တွင် နိုင်ငံသားအဖြစ် ခံယူထားသည်။ ကားလို့စ်သည် သူ့အပေါ် စွဲချက်များကို ငြင်းဆန်ထားသည်။ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်များကြားတွင် နစ်ဆန်းကရသည့် ၎င်း၏ဝင်ငွေများကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ပြထားသည်ဆိုကာ စွပ်စွဲခံထားရသည်။

ထို့အပြင် အိုမန်နိုင်ငံ အရောင်းကိုယ်စားလှယ်တစ်ဦးဆီမှ အမေရိကန်ဒေါ်လာ ၅ သန်းထဲမှ ထက်ဝက်ကို နစ်ဆန်းလုပ်ငန်းခွဲတစ်ခုရှိ သူပိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုထဲသို့ ပုဂ္ဂိုလ်ရေးသုံးရန် လွှဲယူထားကြောင်းလည်း စွပ်စွဲခံထားရသည်။

**အေအက်ဖ်ပီ**



နစ်ဆန်းမော်တော်ကားကုမ္ပဏီ အကြီးအကဲဟောင်း ကားလို့စ်ဂွင်းစ်။

# ၂၀၂၀ နှစ်သစ်အတွက် လူငယ်များကို ယုံကြည်အားထားကြောင်း ဂူတာရက်စ်ပြောကြား

**ဂျီနီဗာ ဇန်နဝါရီ ၁**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ၂၀၂၀ နှစ်သစ်အတွက် လူငယ်တွေအပေါ် ယုံကြည်အားထားကြောင်းနှင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ဖန်တီးရန် မျှော်လင့်ချက်များ အပြည့်ဖြစ်နေကြောင်း မကြာသေးမီက နှစ်သစ်ဆုတောင်းတွင် ဖော်ပြလိုက်သည်။

အနာဂတ်မျှော်လင့်ချက်များ၏ အကြီးမြင့်ဆုံးအရင်းအမြစ်သည် လူငယ်များဖြစ်ကြောင်းနှင့် ဥတုရာသီပြောင်းလဲမှုမှစပြီး လူမှုရေးတရားမျှတမှု၊ ကျား၊မ တန်းတူညီမှုနှင့် လူ့အခွင့်အရေးကိစ္စများတွင် မျိုးဆက်သစ်များသည် ရှေ့တန်းတွင် ပါဝင်နေမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

လူငယ်များနှင့်အတူ ကုလသမဂ္ဂအဖွဲ့ကြီးတစ်ခုလုံးနှင့်အတူ ရှိနေကြောင်းနှင့် ကုလသမဂ္ဂအဖွဲ့ကြီးသည် လူငယ်များပိုင်သည့်အဖွဲ့ကြီးဖြစ်ကြောင်း ဂူတာရက်စ်က ဆက်လက်ပြောကြားသည်။


စက်တင်ဘာလက ကုလသမဂ္ဂအဖွဲ့ကြီးသည် အနာဂတ်အတွက် သောကြာနေ့များဆိုသည့် ကမ္ဘာလုံးဆိုင်ရာ ကျောင်းသားများလှုပ်ရှားမှုအဖွဲ့ကြီးကို ကုလသမဂ္ဂအဖွဲ့ကြီး၏ ပတ်ဝန်းကျင်ဆိုင်ရာဆု ချီးမြှင့်ခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ ကျောင်းသားများလှုပ်ရှားမှုအဖွဲ့သည် ဆွီဒင်ဆယ်ကျော်သက်မိန်းကလေး ဂရီတာသွန်းဘာ့ဂ်၏ ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး လှုံ့ဆော်တောင်းဆိုမှုကို အတုယူအားကျပြီး ဖွဲ့စည်းပေါ်ပေါက်လာခြင်းဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုသည် ကမ္ဘာဂြိုဟ်ပေါ်က သက်ရှိဘဝများကို အန္တရာယ်ပြုခြိမ်းခြောက်နေသည်ဟု ယုံကြည်နေသူ ဂူတာရက်စ်သည် လူငယ်လှုပ်ရှားတက်ကြွသူများ၏ ဦးဆောင်လမ်းပြတစ်ယောက်ဖြစ်သည်။

လူငယ်များ မြင့်မြင့်မားမားတွေးခေါ်မှုကို ကမ္ဘာကြီးက လိုအပ်နေကြောင်း သူက ဆက်ပြောသည်။ လူငယ်များအနေဖြင့် မိမိတို့လုပ်နိုင်သည့် နယ်ပယ်များကို တိုးချဲ့လုပ်ကိုင်နိုင်ကြရန်နှင့် လက်ရှိမျိုးဆက်များကို ဖိအားများ ဆက်ပေးသွားရန်လည်း တိုက်တွန်းပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်။

# မက္ကဆီကို၌ အကျဉ်းထောင်ပဋိပက္ခဖြစ်ပွားကာ အကျဉ်းသား ၁၆ ဦးထက်မနည်းသေဆုံး

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁**

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ဇီကာတီကက်စ်ပြည်နယ်ရှိ အကျဉ်းထောင်တစ်ခုတွင် ဒီဇင်ဘာ ၃၁ ရက်က အကျဉ်းသားများအချင်းချင်း ရန်ပွဲဖြစ်ပွားမှုကြောင့် အကျဉ်းသား ၁၆ ဦးထက်မနည်း သေဆုံးကာ ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အကျဉ်းသားများ ခိုက်ရန်ဖြစ်ပွားမှုသည် ဇီကာတီကက်စ်ပြည်နယ်မြို့တော်မှ ၁၃ ကီလိုမီတာအကွာ စီနီဂွီလက်စ်မြို့ အကျဉ်းထောင်၌ ဒေသစံတော်ချိန် ညနေ ၂ နာရီခွဲတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဂိုဏ်းဂဏကွဲပြားသည့် အကျဉ်းသားအုပ်စုများအကြား အချင်းများရာမှ ရန်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။

အကျဉ်းထောင်အတွင်း ပဋိပက္ခဖြစ်ပွားပြီး မကြာမီ ဒေသခံရဲတပ်ဖွဲ့က ကြားဝင်ဖျန်ဖြေထိန်းသိမ်းမှုများပြုလုပ်ခဲ့ရာ နောက်ပိုင်းတွင် အခြေအနေပြန်လည်တည်ငြိမ်လာခဲ့ကြောင်း ပြည်နယ်လုံခြုံရေးဌာန၏ ပြောကြားချက်အရ သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယနယ်စပ်တစ်လျှောက် ဘင်္ဂလားဒေ့ရှ်က မိုဘိုင်းဖုန်းဆက်သွယ်မှုဖြတ်တောက်

**ဒါကာ ဇန်နဝါရီ ၁**

လုံခြုံရေးဆိုင်ရာ စိုးရိမ်ရဖွယ်အခြေအနေကြောင့် အိန္ဒိယနိုင်ငံနှင့် ထိစပ်နေသည့် ဘင်္ဂလားဒေ့ရှ်နယ်စပ်တစ်လျှောက်ရှိ ဆဲလ်ဖုန်းအော်ပရေတာ လေးခုစလုံးကို ပိတ်ထားရန် ဘင်္ဂလားဒေ့ရှ်အစိုးရက အမိန့်ထုတ်ခဲ့ကြောင်း သိရသည်။

ဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် ဂရာမီဖုန်း၊ ရိုဘီ၊ အဲယားတယ်လ်နှင့် တယ်လီတော့ခ်တို့ကို ပိတ်ထားရန် ဘင်္ဂလားဒေ့ရှ် ကြိုးမဲ့ဆက်သွယ်ရေး ထိန်းသိမ်းမှုကော်မရှင် (BRTC) က ယခုရက်သတ္တပတ်တွင် အဆိုပါအမိန့်ကို ထုတ်ပြန်ဖော်ပြခဲ့ကြောင်း အာဏာပိုင်တစ်ဦးက ဇန်နဝါရီ ၁ ရက်တွင် ပြောကြားခဲ့သည်။

အိန္ဒိယနယ်စပ်မှ ၁ ကီလိုမီတာအကွာအတွင်း မိုဘိုင်းဖုန်းကွန်ရက်များကို ရပ်နားထားခဲ့ကြောင်း ကော်မရှင်အာဏာပိုင်တစ်ဦးက အမည်ဖော်ပြခြင်းမရှိဘဲ ပြောကြားခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် မိုဒီ အတည်ပြုလိုက်သည့် နိုင်ငံသားဥပဒေသစ်အရ အိန္ဒိယနိုင်ငံမှ အစ္စလာမ်ဘာသာဝင်များ ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးလာနိုင်ကြောင်း ခန့်မှန်းသတင်းများ ထွက်ပေါ်လျက်ရှိချိန်တွင် ဘင်္ဂလားဒေ့ရှ်အစိုးရက နယ်စပ်၌ မိုဘိုင်းဖုန်းဆက်သွယ်မှုဖြတ်တောက်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်သံရုံးတိုက်ခိုက်ခံရမှုမှာ အီရန်ပါဝင်ပတ်သက်နေသလား

ကလျာမိုးမြင့်

**အီရတ်နိုင်ငံရှိ အမေရိကန်သံရုံးကို အီရတ်ဆန္ဒပြပြည်သူတွေ ယမန်နေ့က ဒေါသတကြီးတိုက်ခိုက်ခဲ့ကြတာနဲ့ ပတ်သက်ပြီး အမေရိကန်က အီရတ်နိုင်ငံအပေါ် အပြစ်တင်ခဲ့ပြီးတဲ့နောက် သမ္မတထရမ့်က ဒီကိစ္စတွေဖြစ်လာအောင် ဖန်တီးသူအဖြစ် အီရန်ကို စွပ်စွဲလိုက်ပြီး အဲဒီအတွက် ပြန်ပေးဆပ်ရလိမ့်မယ်လို့ ခြိမ်းခြောက်လိုက်ပါတယ်။**



အမေရိကန်သံရုံး ဝင်ပေါက်ကို ဖျက်ဆီးရန် ကြိုးပမ်းနေကြသည့် ဆန္ဒပြသူများ။

### ပြန်ပေးဆပ်ရမယ်

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း အမေရိကန်ကလုပ်ဆောင်ခဲ့တဲ့ လေကြောင်းတိုက်ခိုက်မှုကြောင့် ပြည်သူ့စစ်အဖွဲ့ဝင်တွေ သေဆုံးမှုအပေါ် မခံမရပ်နိုင်အောင် ဖြစ်ခဲ့ကြတဲ့ အီရတ်ဆန္ဒပြပြည်သူ လူအုပ်ကြီးက မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန်သံရုံး အဆောက်အအုံဝင်းကို ဒေါသတကြီး တိုက်ခိုက်ခဲ့ကြတာဖြစ်ပါတယ်။

နှစ်သစ်ကူးအကြိုနေ့မှာ သမ္မတထရမ့်က ထိခိုက်ပျက်စီးမှုတစ်ခုခုသို့မဟုတ် အသက်တစ်ချောင်းဖြစ်ဖြစ် ဆုံးရှုံးမှုရှိခဲ့ရင် အီရန်က အဲဒီအတွက် ကြီးကြီးမားမားပြန်ပေးဆပ်ရမယ်လို့ တွစ်တာပေါ်မှာ ရေးသားခဲ့တာပါ။ ဒီစကားက သတိပေးရုံသက်သက်မဟုတ်ဘူး။ ခြိမ်းခြောက်တာဖြစ်တယ်လို့ ထရမ့်က ပြောခဲ့ပါတယ်။

### တပ်ဖွဲ့ဝင်တွေ ချထားမယ်

ဒီကိစ္စပေါ်လာပြီးတဲ့နောက် သိပ်မကြာခင်မှာပဲ အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စပါက အီရတ်မှာ အမေရိကန်တပ်ဖွဲ့ဝင် ၇၅၀ ခန့်ကို အမြန်ဆုံးချထားမှာဖြစ်တယ်လို့ ကြေညာခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ ကမ္ဘာကြီးရဲ့ဘယ်နေရာမှာ ကိုယ့်နိုင်ငံသားတွေရှိနေသည်ဖြစ်စေ ကိုယ့်နိုင်ငံသားတွေနဲ့ အမေရိကန်ရဲ့အကျိုးစီးပွားကို ကာကွယ်ရလိမ့်မယ်လို့ ကာကွယ်ရေးဝန်ကြီးက ဆိုထားပါတယ်။

ဒေါသဖုံးလွှမ်းနေတဲ့ လူအုပ်ကြီးဟာ သံရုံးအဆောက်အအုံဝင်းအတွင်းမှာ ရှိနေတဲ့ လုံခြုံရေးဂိတ်တစ်ခုကို မီးရှို့ခဲ့ကြပြီး ဧည့်လက်ခံတဲ့နေရာကို ချိုးဖျက်ဝင်ရောက်ခဲ့ကြတာကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တွေက ဆန္ဒပြလူအုပ်ကို မျက်ရည်ယိုဗုံးတွေသုံးပြီး လူစုခွဲခဲ့ကြပါတယ်။ ဒီကိစ္စတွေဖြစ်လာဖို့ နောက်ကွယ်ကနေ တစ်မျိုးတစ်ဖုံကြိုးကိုင်စီမံခဲ့တယ်ဆိုတဲ့ သမ္မတထရမ့်ရဲ့ စွပ်စွဲချက်ကို အီရန်က ငြင်းဆန်ထားတဲ့အပြင် ဒီလိုလာစွပ်စွဲတာဟာ သိပ်ကိုရဲတင်းလွန်းလှတယ်လို့ ပြန်ချေပခဲ့ပါတယ်။

### လက်တုံ့ပြန်

အမေရိကန်ကလုပ်ဆောင်ခဲ့တဲ့ လေကြောင်းတိုက်ခိုက်မှုအတွင်းမှာ ပစ်မှတ်ထားခံရတဲ့ စစ်သွေးကြွအဖွဲ့ကတော့ အီရတ်အနောက်ပိုင်းနဲ့ ဆီးရီးယားအရှေ့ပိုင်းမှာရှိတဲ့ ကာတက်ဟစ်ဇ်ဘိုလာခေါ် အီရန်ထောက်ခံတဲ့ ပြည်သူ့စစ်အဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။

ဒီဇင်ဘာ ၂၉ ရက်က ၎င်းတို့ရဲ့ စစ်အခြေစိုက်စခန်းတွေက အမေရိကန်ကလုပ်ဆောင်ခဲ့တဲ့ ဗုံးကြဲတိုက်ခိုက်မှုမှာ တိုက်ခိုက်ရေးအဖွဲ့ဝင် ၂၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး ဝါရှင်တန်ဘက်ကတော့ အီရတ်စစ်အခြေစိုက်စခန်းတစ်ခုကို ဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှုအတွင်း အမေရိကန်နိုင်ငံသားတစ်ဦး သေဆုံးခဲ့ရတဲ့အတွက် လက်တုံ့ပြန်တိုက်ခိုက်ခြင်းဖြစ်တယ်လို့ အကြောင်းပြချက် ပေးထားပါတယ်။

### အချုပ်အခြာအာဏာကို ဖောက်ဖျက်

အီရတ်ဝန်ကြီးချုပ် အဗ္ဗဒူလ် မာဒီက အမေရိကန်ရဲ့ လေကြောင်းတိုက်ခိုက်မှုဟာ အီရတ်ရဲ့ အချုပ်အခြာအာဏာကို ဖောက်ဖျက်တယ်လို့ ပြောခဲ့ပါတယ်။ ကာတက်ဟစ်ဇ်ဘိုလာ ပြည်သူ့စစ်အဖွဲ့ခေါင်းဆောင် အဘူမာဒီအယ်လ်မူဟန်စ်က ၎င်းရဲ့ တုံ့ပြန်မှုဟာ အီရတ်မှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေအပေါ် ပြင်းပြင်းထန်ထန် သက်ရောက်လာနိုင်တယ်လို့ သတိပေးခဲ့ပါတယ်။ သမ္မတထရမ့်က အမေရိကန်သံရုံးနဲ့ သံရုံးဝန်ထမ်းတွေကို အီရတ်တပ်ဖွဲ့ဝင်တွေက အကာအကွယ်ပေးလိမ့်မယ်လို့ မျှော်လင့်ကြောင်းနဲ့ လက်ရှိဖြစ်ပွားခဲ့တဲ့ သံရုံးတိုက်ခိုက်မှုအတွင်းမှာ ဆောင်ရွက်ပေးခဲ့မှုအတွက် အီရတ်ဝန်ကြီးချုပ် မာဒီကို ကျေးဇူးတင်ကြောင်း ဆိုထားပါတယ်။

### ဘဂ္ဂဒက်မှာ ဘာတွေဖြစ်

အမေရိကန်ရဲ့ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ကြတဲ့ ပြည်သူ့စစ်တိုက်ခိုက်ရေးအဖွဲ့သားတွေရဲ့ ဈာပနပြုလုပ်ပြီးနောက်မှာပဲ ယမန်နေ့က ဆန္ဒပြပွဲတွေ ပေါ်ထွက်လာခဲ့တာပါ။ အဘူမာဒီအယ်လ် မူဟန်ဒစ်နဲ့ တခြားအကြီးတန်းပြည်သူ့စစ်အဖွဲ့ဝင်အချို့နဲ့ အထောက်အကူပြုတပ်ဖွဲ့ခေါင်းဆောင်တွေအပါအဝင် ထောင်ပေါင်းများစွာသော ပူဆွေးဝမ်းနည်းနေကြသူတွေဟာ အီရတ်အစိုးရရုံးဌာနတွေနဲ့ ပြည်ပသံရုံးတွေရှိရာ ဂရင်းဇုန်ဆီ စုဝေးချီတက်ခဲ့ကြပါတယ်။

အီရတ်လုံခြုံရေးတပ်ဖွဲ့က ၎င်းတို့ကို ဂရင်းဇုန်ထဲကို ဝင်ရောက်ခွင့်ပြုခဲ့ပြီး အမေရိကန်သံရုံးအပြင်ဘက် လမ်းတစ်လမ်းပေါ် စုဝေးစေခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ အာဆစ် အာအယ်လ်ဟက် ပြည်သူ့စစ်အဖွဲ့ရဲ့ခေါင်းဆောင် ကွိုက် အယ်လ် ခါဇာလီက ဒီသံရုံးဟာ အီရတ်ကို မကောင်းကြံစည်တဲ့ သံရုံးတစ်ရုံးဆိုတာကို သက်သေထူနေတယ်လို့ ပြောခဲ့ပါတယ်။

### ကြွေးကြော်အော်ဟစ်

ပြည်သူ့စစ်အဖွဲ့အလံတွေကို ဝှေ့ယမ်းနေကြတဲ့ လူအုပ်ကြီးဟာ အမေရိကန်ကိုဆန့်ကျင်တဲ့ ကြွေးကြော်သံတွေကို အော်ဟစ်နေကြချိန် ဆန္ဒပြသူတွေက သံရုံးအဆောက်အအုံဝင်းရဲ့ပင်မဂိတ်ဝင်ပေါက်ကို ကျောက်ခဲတွေနဲ့ ပစ်ပေါက်သူကပေါက်၊ လုံခြုံရေးကင်မရာတွေကို ဆွဲဖြုတ်သူကဖြုတ်နဲ့ အတော်လေးကို ဝရုန်းသုန်းကားဆန်ခဲ့ပါတယ်။ လုံခြုံရေးဂိတ်ကိုလည်း တိုက်ခိုက်ခဲ့ပြီး မီးရှို့တာတွေ လုပ်ခဲ့ကြပါတယ်။

အမေရိကန်အာဏာပိုင်တစ်ဦးက စီဘီအက်စ်သတင်းသို့ ပြောကြားခဲ့မှုအရ သံရုံးအဆောက်အအုံဝင်း ကျိုးပျက်ခဲ့ခြင်းမရှိဘဲ ဆန္ဒပြသူတွေက နံရံပေါ် လှေကားတစ်စင်းနဲ့ တွယ်တက်ပြီး သံရုံးအပြင်ဘက် ဧည့်ကြိုနေရာဆီကို ဝင်ရောက်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ အဲဒီဧရိယာအတွင်းမှာ အီရတ်တပ်ဖွဲ့ဝင်တွေနဲ့ အဓိကရုဏ်းရဲတွေကို ဖြန့်ထားခဲ့ပြီးနောက်မှာတော့ ဆန္ဒပြပွဲ အရှိန်သေသွားခဲ့ပါတယ်။ ဒီအချိန်မှာ မျက်ရည်ယိုခါတ်ငွေ့ကြောင့် အသက်ရှူကျပ်ခဲ့တဲ့ လူအယောက်ငါးဆယ်ကို ဘဂ္ဂဒက်ရှိ ဆေးရုံတွေမှာ ကုသနေရပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန သတင်းရင်းမြစ်တွေက ပြောကြားခဲ့ပါတယ်။

### ဝန်ကြီးချုပ် အမိန့်ထုတ်

ဆန္ဒပြမှုစတင်ဖြစ်ပွားပြီး နာရီအနည်းငယ်အကြာမှာပဲ အီရတ်ဝန်ကြီးချုပ် အဗ္ဗဒူလ်မာဒီက ပြည်သူတွေအားလုံး အမေရိကန်သံရုံး အနီးအနားတစ်ဝိုက်ဧရိယာကနေ ထွက်သွားကြဖို့ တိုက်တွန်းခဲ့ပါတယ်။ သံရုံးတွေနဲ့ ပြည်ပကိုယ်စားလှယ်တွေကို အန္တရာယ်ဖြစ်စေတဲ့ တိုက်ခိုက်မှုတစ်ခုခု လုပ်ဆောင်လာရင် လုံခြုံရေးတပ်ဖွဲ့ဝင်တွေက အပြင်းအထန် ကာကွယ်တားဆီးသွားမှာဖြစ်တဲ့အပြင် ဥပဒေအရလည်း ပြင်းပြင်းထန်ထန်အပြစ်ပေးမယ်လို့ ဝန်ကြီးချုပ်က အမိန့်ထုတ်ပြန်လိုက်ပါတယ်။

ဒီကိစ္စမှာ အီရန်က တစ်နည်းတစ်ဖုံ ပါဝင်ပတ်သက်နေတယ်လို့ ယူဆထားတဲ့ သမ္မတထရမ့်က အီရန်ဟာ အမေရိကန် ကန်ထရိုက်တာတစ်ဦးကို သတ်ဖြတ်ခဲ့ပြီး အများအပြားကို ထိခိုက်ဒဏ်ရာရအောင် လုပ်ခဲ့တယ်။ ဒီကိစ္စကို ကျွန်ုပ်တို့ဘက်က ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့တယ်။ အမြဲတမ်းလည်း ဒီလိုပဲတုံ့ပြန်နေဦးမှာပဲ။ အခုဆိုရင် အီရန်ဟာ အီရတ်မှာရှိတဲ့ အမေရိကန်သံရုံးကို တိုက်ခိုက်မှုပြုလုပ်စေဖို့ စီမံနေပြန်ပြီ။ ဒီအတွက် အီရန်အနေနဲ့ အပြည့်အဝတာဝန်ယူရမယ်။ ဒါ့အပြင် အီရတ်အနေနဲ့ ကျွန်ုပ်တို့ရဲ့ သံရုံးကို ၎င်းရဲ့တပ်ဖွဲ့ဝင်တွေသုံးပြီး အပြည့်အဝကာကွယ်ပေးဖို့ မျှော်လင့်တယ်လို့ သမ္မတထရမ့်က တွစ်တာပေါ်မှာ ရေးသားခဲ့တာပါ။

ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စပါက အမှတ်စဉ် (၈၂) လေကြောင်းဌာနခွဲက တပ်ဖွဲ့ဝင်တွေကို သမ္မတရဲ့ညွှန်ကြားချက်နဲ့ ချထားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ တပ်ဖွဲ့ဝင် ၇၅၀ ကို အကြမ်းဖျင်းချထားမယ့်ကိစ္စဟာ အမေရိကန်နိုင်ငံသားတွေကို ပိုမိုခြိမ်းခြောက်လာတဲ့ အဆင့်အတွက် သင့်တော်ပြီး ကြိုတင်ကာကွယ်တဲ့ ဆောင်ရွက်ချက်တစ်ခုလည်း ဖြစ်တယ်လို့ ကာကွယ်ရေးဝန်ကြီးက ကြေညာခဲ့ပါတယ်။ ။ **ကိုးကား- ဘီဘီစီ**

---

## နိုင်ငံတကာသတင်းတိုထွာ

### မြောက်ကိုရီးယားအလုပ်သမားပါတီ၏ ဗဟိုကော်မတီအစည်းအဝေး တတိယနေ့ဆက်လက်ကျင်းပ

**ပြုံယမ်း ဇန်နဝါရီ ၁**

မြောက်ကိုရီးယားအလုပ်သမားပါတီ၏ ဗဟိုကော်မတီအစည်းအဝေး တတိယနေ့သို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်း တက်ရောက်ခဲ့ကြောင်း မြောက်ကိုရီးယားသတင်းမီဒီယာများက ဖော်ပြသည်။

အဆိုပါအစည်းအဝေး၌ ခေါင်းဆောင်ကင်က နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ခိုင်ခိုင်မာမာ ကာကွယ်ရန်တွက် အပြုသဘောဆောင်သည့် နိုင်ငံရေး၊ သံတမန်ရေးနှင့် စစ်ရေးအရ တုံ့ပြန်ဆောင်ရွက်မှုများ ပြင်ဆင်ရေးနှင့် ပတ်သက်ပြီး ရည်ညွှန်းပြောဆိုခဲ့ကြောင်း အလုပ်သမားပါတီ၏ သတင်းစာဖြစ်သည့် ရိုဒေါင်ဆင်မန်က ဖော်ပြခဲ့သည်။

မျက်နှာစုံညီအစည်းအဝေး၌ ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်နေသည့် နျူကလီးယားလက်နက်ဖျက်သိမ်းရေး အမေရိကန်နှင့် ဆွေးနွေးပွဲများအတွက် နောက်ဆုံးရက်သတ်မှတ်မှုကိုလည်း မြောက်ကိုရီးယားနိုင်ငံက တစ်ဖက်သတ်ချမှတ်ခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

### တူနီးရှား၌ ကလေးသူငယ်များလူမှုဘဝမြှင့်တင်ရန် တရုတ်က အထောက်အကူပြုပစ္စည်းများလှူဒါန်း

**တူးနစ် ဇန်နဝါရီ ၁**

တူနီးရှားနိုင်ငံရှိ ကလေးငယ်များ၏ လူမှုဘဝဖူလုံစေရေး ဆောင်ရွက်နေသည့် တူနီးရှားအစိုးရ၏ ထူထောင်ရေးလုပ်ငန်းများအတွက် အထောက်အကူပြုပစ္စည်းကိရိယာများကို လှူဒါန်းရန် တူနီးရှားအစိုးရနှင့် သဘောတူညီမှုတစ်ရပ်ကို တရုတ်နိုင်ငံက ဒီဇင်ဘာ ၃၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါသဘောတူစာချုပ်ကို တူနီးရှားနိုင်ငံ မြို့တော်တူးနစ်၌ ပြုလုပ်သည့် လက်မှတ်ရေးထိုးသည့်အခမ်းအနား၌ တူနီးရှားအမျိုးသမီးများ၊ မိသားစုများနှင့် သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ ဝန်ကြီးလာဘီဒီနှင့် တူနီးရှားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ဝင်ဘင်တို့က တူနီးရှားရှိ ယူနီဆက်ဖ်အဖွဲ့ကိုယ်စားလှယ် လီလာပီတာ ရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

ကလေးသူငယ်များ၏ လူမှုဘဝဖူလုံစေရေးအတွက် တရုတ်နိုင်ငံ၏ လှူဒါန်းမှုသည် တူနီးရှားနိုင်ငံရှိ ကလေးသူငယ်စောင့်ရှောက်ရေးစခန်းများ၌ သတင်းအချက်အလက်စနစ်ကို ဖွံ့ဖြိုးတိုးတက်စေလိမ့်မည်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုသည် တူနီးရှားကလေးငယ်များ၏ အနာဂတ်ဘဝဖွံ့ဖြိုးရေးကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဖြစ်ကြောင်း တရုတ်သံအမတ်ကြီးက ဖြည့်စွက်ပြောခဲ့သည်။

ဆင်ဟွာ

# ထူးခြားလှပသည့်တိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော်များစွာထဲမှ နာဂရိုးရာနှစ်သစ်ကူးပွဲတော်

ချမ်းသာ (မိတ္ထီလာ)



မြန်မာနိုင်ငံတွင် ထူးခြားလှပသည့် တိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော်များစွာရှိသည့်အထဲတွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် နာဂတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုရိုးရာအကများ၊ ရိုးရာတေးသီချင်းများ၊ ဝတ်စားဆင်ယင်မှုများအပြင် ရိုးသားဖြူစင်ဖော်ရွေတတ်သည့် စိတ်နှလုံးသားများနှင့် ခင်မင်ဖွယ်ရာအပြုံးများကိုလည်း မြင်တွေ့နိုင်ပါသည်။


နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်အတွင်းရှိ နန်းယွန်း၊ လေရှီးနှင့် လဟယ်မြို့များတွင် အလှည့်ကျကျင်းပလေ့ရှိပြီး ယခုနှစ်တွင် လဟယ်မြို့၌ အဆိုပါပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။ နှစ်စဉ် ဇန်နဝါရီ ၁၅ ရက်တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကိုကျင်းပခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၅ ရက်မှာ နာဂရိုးရာနှစ်သစ်ကူးပွဲတော် စတင်ကျင်းပခဲ့သည့် နှစ် (၃၀)ပြည့် ပုလဲရတုနေ့လည်းဖြစ်သည်။ ပုလဲရတု အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်တွင် ခန္တီးမြို့ရှိ နာဂရိုးရာကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နှစ်စဉ်လာရောက် လေ့လာလည်ပတ်ကြသည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ၏ နှလုံးသားများကို ဆွဲဆောင် သိမ်းပိုက်ဦးမည့် ၂၀၂၀ ပြည့်နှစ်နာဂရိုးရာနှစ်သစ်ကူးပွဲတော်နှင့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် နှစ်(၃၀) ပြည့် ပုလဲရတုအခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လေရှီးမြို့တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်က ကျင်းပခဲ့သည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်များမှ ပုံရိပ်မှတ်တမ်းများကို ဖော်ပြလိုက်ပါသည်။













# ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ် ပန်းပွဲတော်သို့ လာရောက်လည်ပတ်သူများပြား



ပြင်ဦးလွင် ကန်တော်ကြီးဥယျာဉ်၌ ကျင်းပလျက်ရှိသော ပန်းပွဲတော်မြင်ကွင်းအလှကို တွေ့ရစဉ်။

**ပြင်ဦးလွင် ဇန်နဝါရီ ၁**

ပြင်ဦးလွင်မြို့နယ် အမျိုးသားကန်တော်ကြီးဥယျာဉ်၌ တစ်လကြာ ကျင်းပလျက်ရှိသော ပန်းပွဲတော်သို့ ဒီဇင်ဘာအားလပ်ရက်များတွင် ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ကြသည်။

''အခုနှစ် ခရစ္စမတ်ပွဲတော်ကာလနဲ့ နှစ်သစ်ကူးပိတ်ရက်တွေမှာ ပြည်တွင်းပြည်ပဧည့်သည်တွေ ပိုမိုလာရောက် လည်ပတ်ကြတယ်။ ခရစ္စမတ်နေ့ကတော့ လက္ကွယ်နေ့နဲ့ကြုံတော့ ခရီးသွားငါးသောင်းကျော် ခြောက်သောင်းလောက်လာကြတယ်။ အခုနှစ်ကူးပိတ်ရက်မှာတော့ သုံးသောင်းကျော်လောက်လာတယ်။ ပန်းပွဲတော်ကာလမဟုတ်တဲ့ အချိန်တွေကတော့ တစ်နေ့ထောင်ဂဏန်းဝန်းကျင်လောက်ပဲလာကြတာပါ'' ဟု ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက ပြောသည်။

ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ကျင်းပသောပန်းပွဲတော်သည် ယခုနှစ်တွင် (၁၄) ကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး နယ်သာလန်နိုင်ငံအခြေစိုက် IGMPR ကုမ္ပဏီနှင့်ပူးပေါင်း၍ Culture Of Flower Team အနေဖြင့် ကျင်းပသောကြောင့် ပိုမိုထူးခြားကြောင်း၊ ကြူးလစ်၊ လီလီ၊ နှင်းဆီပန်းအစစ်များအား ပြကွက်အဖြစ် ပြသထားသောကြောင့် ပန်းခင်းထဲဝင်ရောက်သကဲ့သို့ ခံစားရသဖြင့် တစ်မူထူးခြားကြောင်း၊ လူတစ်ရပ်ကျော် အမြင့်ရှိသည့် နေကြာပန်းဝက်ပါပြကွက်များလည်း ပါဝင်ကြောင်း သိရသည်။

ယခု နှစ်သစ်ကူးပိတ်ရက်များတွင် လာရောက်လည်ပတ်သူများအား စိတ်အပန်းပြေစေရန် ရည်ရွယ်၍ ယမန်နေ့က Myanmar Got Talent Winner ဆုရှင် ဧရာမောင် (ကျောက်ဆည်ဆင်အဖွဲ့)ကလည်း ဖျော်ဖြေလျက်ရှိရာ အပန်းဖြေလာရောက်သူများ နှစ်ခြိုက်သဘောကျကြောင်း သိရသည်။

**မြတ်ဆုမွန်**

# ကလိန်အောင်မြို့အတွင်း၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်း ၁၄ ခု ဆောင်ရွက်မည်

**ကလိန်အောင် ဇန်နဝါရီ ၁**

တနင်္သာရီတိုင်းဒေသကြီးထားဝယ်ခရိုင် ကလိန်အောင်မြို့အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း၊ တံတားအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၄ ခုကို ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကလိန်အောင်မြို့အတွင်းရှိ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်မည့် ကလိန်အောင်မြို့ အမှတ်(၃)ရပ်ကွက်ရှိ စုပေါင်းရုံးလမ်း၊ ကွန်ကရစ်တံတားအမှတ်(၁)ဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာတွင် (၂လက်မ)အဝီစိတွင်းတူးဖော်ခြင်း(မော်တာတပ်ဆင်ခြင်းအပါ) ပေ ၁၅၀ အနက်လုပ်ငန်း၊ တိုင်းဒေသကြီးထပ်တိုးဘတ်ဂျက်ဖြင့် ကလိန်အောင်မြို့ပတ်လမ်း တာပေါင်ဖို့ခြင်းလုပ်ငန်းအပိုင်း(၃)၊ အမှတ်(၁)ရပ်ကွက် မူကြိုကျောင်းလမ်းကွန်ကရစ်ခင်းခြင်း၊ အမှတ်(၂)ရပ်ကွက် ခွာညိုလမ်းကျောက်ရောမြေခင်းခြင်း၊ အမှတ်(၃)ရပ်ကွက်ရှိ ဘောလုံးကွင်းအဝင်လမ်း ကွန်ကရစ်ခင်းခြင်း၊ အမှတ်(၂)ရပ်ကွက် စမ်းချောင်းလမ်းကျောက်ရောမြေခင်းခြင်းနှင့် ဘောဂသုခလမ်းသွယ် ကွန်ကရစ်ခင်းခြင်း၊ အမှတ်(၃)ရပ်ကွက် ခတ္တာလမ်းကွန်ကရစ်ခင်းခြင်း၊ အမှတ်(၄)ရပ်ကွက်နတ်သျှင်နောင်လမ်းကွန်ကရစ်ခင်းခြင်း၊ အမှတ်(၄)ရပ်ကွက် ကျန်စစ်သားလမ်းကွန်ကရစ်ခင်းခြင်းတို့ဖြစ်သည်။

အလားတူကလိန်အောင်မြို့ မိကျောင်းလှောင်းကျေးရွာ (ရွာသစ်)ရွာပတ်လမ်းကွန်ကရစ်ခင်းခြင်း၊ အမှတ်(၃)ရပ်ကွက် (စုပေါင်းရုံးလမ်း) ကွန်ကရစ်တံတားအမှတ် (၂) ဆောက်လုပ်ခြင်းနှင့် အမှတ်(၃)ရပ်ကွက် အမှိုက်ကန်တိုးချဲ့ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လွတ်လပ်ရေးနေ့အကြို မိုက်ခရို မာရသွန်ပြိုင်ပွဲ ယင်းမာပင်၌ ကျင်းပ

**ယင်းမာပင် ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် လွတ်လပ်ရေးနေ့အကြို ပထမဆုံးအကြိမ် မိုက်ခရို မာရသွန်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ယင်းမာပင်မြို့တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ယင်းမာပင်မြို့နယ် သရက်ကန်ကျေးရွာမှ စတင်တာလွှတ်ကာ မြို့နယ်လွတ်လပ်ရေးကျောက်တိုင် ကွင်းရှေ့၌ ပန်းဝင်သည့် အပြေးသမားများကို တာဖမ်းခြင်းဖြစ်ကြောင်း သိရသည်။

''ဒီပြိုင်ပွဲမှာ ပထမ၊ ဒုတိယ၊ တတိယနဲ့ နှစ်သိမ့်ဆုရရှိသူတွေကို လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးမှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တိုင်းကိုလည်း အမှတ်တရအဖြစ် ပြိုင်ပွဲဝင်အင်္ကျီတွေကို တာလွှတ်တဲ့နေရာကနေ တစ်ခါတည်းထုတ်ပေးပြီး ပျော်ရွှင်စွာ ဝင်ရောက်ဆင်နွှဲခဲ့ကြတာဖြစ်ပါတယ်။ ဒီယင်းမာပင်မြို့မှာ တာဝေးမာရသွန်ပြိုင်ပွဲကို မကျင်းပဖြစ်တာ ကြာပါပြီ။ ဒီမိုက်ခရိုမာရသွန်ပြိုင်ပွဲဟာ ပထမဆုံးအကြိမ် ပြန်လည်ကျင်းပတာဖြစ်ပါတယ်'' ဟု မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းသီရိလှိုင်က ပြောပြသည်။

ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများ၊ အလွတ်တန်း အပြေးဝါသနာရှင်များ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**သန်းဋ္ဌေးအောင် (ကနီ)**

# စတုတ္ထအကြိမ်မြောက် New Year New Men Group Show 2020 ပန်းချီဆရာ ၁၂ ဦး၏ ပန်းချီပြပွဲ ဖွင့်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၁**

စတုတ္ထအကြိမ်မြောက် New Year New Men Group Show 2020 ပန်းချီ ဆရာ ၁၂ ဦး၏ ပန်းချီပြပွဲ ဖွင့်ပွဲကို ယနေ့နံနက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေ ပန်းချီပြခန်းတွင် ကျင်းပသည်။

အခမ်းအနားမှူးအဖြစ် စာရေးဆရာ သျှိုင်းရဲဝင့်က ဆောင်ရွက်ပြီး မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဆရာကြီး ဦးခင်မောင်သန်း၊ ဆရာကြီး ဦးဇော်ဝင်း (သစ်ထွင်း)၊ ဆရာဒေါက်တာ ကိုကိုကြီး၊ ဆရာကြီး မာဃနိန္ဒ (ပုသိမ်ကြီး)၊ မြန်မာနိုင်ငံပန်းချီ အစည်းအရုံး (ဗဟို) နိုင်ငံတကာဆက်ဆံရေးမှူး ဦးမိုးကျော်သန်းတို့က ပန်းချီပြပွဲနှင့် ပတ်သက်၍ မုဒိတာစကား ပြောကြားသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာ ၁၂ ဦး၏ ပန်းချီကား ၁၄၃ ကားကို ပြသထားသည်။ ပန်းချီအမျိုးအစားများမှာ ရေဆေးနှင့် အခရိုက်လစ်ကားများ ပါဝင်သည်။

အဆိုပါ ပန်းချီပြပွဲကို မန္တလေးတောင်ခြေပန်းချီပြခန်းတွင် ဇန်နဝါရီ ၁ ရက်မှ ၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပန်းချီပြပွဲဖွင့်ပွဲသို့ ပန်းချီ ဆရာများ၊ စာရေးဆရာများ၊ ကာတွန်းဆရာများ၊ ကဗျာဆရာများ၊ သတင်းမီဒီယာများ တက်ရောက်ကြပြီး မည်သူမဆို လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၁-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၃၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀/၉၇၅ | ကျပ် | ၉၈၅/၉၉၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၉၉၀ | ကျပ် | ၉၈၅/၁၀၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၃၀/၈၉၅ | ကျပ် | ၉၃၀/၉၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၉၉၀ | ကျပ် | ၁၀၃၅/၁၀၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၇၉ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၅၆ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၆ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၃၇ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၅၅ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၃ . ၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၇၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၇၄၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၈ . ၀၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၀ . ၀၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၂၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၅၀၈ | ၅၆၀၉၀၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၃၁၃၄ | ၁၂၀၅၇၉၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂၉ | ၂၃၇၈၀၀ |
| FPB | ၂၂၅၀၀ | ၂၃၀၀၀ | ၁၇၄ | ၃၉၇၇၀၀၀ |
| TMH | ၂၉၀၀ | – | – | – |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| စာတည်းမှူး | – | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊တင်လင်းအောင် |
| အငယ်တန်း သတင်းထောက်များ | – | တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဇီဝနည်းပညာ၏ အသီးအပွင့်

သိပ္ပံစာရေးဆရာကိုကိုအောင်



ဇီဝနည်းပညာဖြင့် ပိုမိုကောင်းမွန်သော အပင်မျိုးများ ဖန်တီးနိုင်ရန် သုတေသနပြုနေစဉ် (ဓာတ်ပုံ – ဝီကီပီးဒီးယား)

### ကမ္ဘာ့လူဦးရေနှင့် စားနပ်ရိက္ခာ

ကမ္ဘာပေါ်တွင် ငတ်မွတ်ခေါင်းပါးမှုကြောင့် လူဦးရေ လေးသောင်းခန့်မှာ နေ့စဉ် သေဆုံးနေကြရသည်။ လက်ရှိ ကမ္ဘာ့လူဦးရေသည် သန်းခုနစ်ထောင်ကျော် ရှိနေရာမှ ခရစ်နှစ် ၂၀၂၅ ခုနှစ်အရောက်တွင် သန်းရှစ်ထောင်ကျော် အထိ ရှိလာမည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက ခန့်မှန်း ထားသည်။ ၂၀၂၅ ခုနှစ်သို့ အရောက်တွင် တိုးပွားလာမည့် ကမ္ဘာ့လူဦးရေနှင့်အညီ စားနပ်ရိက္ခာ ဖူလုံစွာ ရရှိနိုင်ရေး အတွက် တစ်ကမ္ဘာလုံး၌ စားနပ်ရိက္ခာ ထွက်ရှိမှုနှုန်းသည် ၁၉၉၀ ပြည့်နှစ် အချိန်ကာလထက် ၈၀ ရာခိုင်နှုန်း ပိုမိုရန် လိုအပ်သည်။

တစ်နေ့တခြားတိုးပွားလာမည့် ကမ္ဘာ့လူဦးရေအတွက် ကောက်ပဲသီးနှံနှင့် သားငါး ထုတ်လုပ်မှုကို သိသာစွာ တိုးမြှင့်ပေးနိုင်ရန်မှာ စိုက်ပျိုးမြေများကို တိုးချဲ့ရုံမျှဖြင့်၊ လယ်ယာသားငါးကဏ္ဍကို ချဲ့ထွင်ရုံ မျှဖြင့်၊ ဆည်မြောင်း တာတမံများကို ထပ်တိုးတည်ဆောက်ရုံမျှဖြင့် စွမ်းဆောင် နိုင်မည် မဟုတ်ပေ။ တစ်ခုတည်းသော ဖြေရှင်းပေးနိုင်မည့် နည်းလမ်းမှာ အထွက်တိုး ဇီဝနည်းပညာသာလျှင် ဖြစ်ပေ သည်။

ကမ္ဘာပေါ်ရှိ ချမ်းသာသောနိုင်ငံများ၌ ဖြစ်ပေါ်နေသော လိုအပ်သည်ထက် ပိုမိုစားသုံးနေမှုနှင့် အလေအလွင့်ဖြစ်မှု များသည်လည်းကောင်း၊ ဆင်းရဲသောနိုင်ငံများ၌ ဖြစ်ပေါ် နေသည့် တစ်နေ့တခြား လူဦးရေ တိုးပွားလာမှုသည် လည်းကောင်း ကမ္ဘာ့လူသားအားလုံးတို့ အမှီသဟဲပြုနေ ကြရသော ဂေဟစနစ်အပေါ် ကြီးစွာသော ဝန်ထုပ်ဝန်ပိုး ကြီးကို ဖြစ်လာစေသည်။ တိုးပွားလာသော ကမ္ဘာ့လူဦးရေ နှင့် လိုက်လျောညီထွေ ဖြစ်စေရန် ကောက်ပဲသီးနှံ စိုက်ပျိုး ထုတ်လုပ်မှုနှင့် သားငါး မွေးမြူထုတ်လုပ်မှုတို့ကို အလျဉ်မီ အောင် ဆောင်ရွက်ကြရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး တို့သည် အခြေခံအကျဆုံးနှင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန် လိုအပ်သော အရေးကြီးသည့် လုပ်ငန်းများ ဖြစ်ကြသည်။

စိုက်ပျိုးရေးဟူသည်မှာ လူသားများနှင့် သဘာဝ ပတ်ဝန်းကျင်တို့ ဆုံစည်းပေါင်းစပ်ရာ လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ စိုက်ပျိုးရေးလုပ်သား၊ စိုက်ပျိုးမြေ၊ ကောက်ပဲ သီးနှံမျိုးစေ့၊ ရေနှင့် လက်သုံးကိရိယာများ၊ စက်မှုလယ်ယာ သုံး စက်ယန္တရားများ၊ သဘာဝမြေသြဇာများနှင့် ဓာတု မြေသြဇာများ၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများ စသည်တို့သည် စိုက်ပျိုးရေးဟူသော လုပ်ငန်းစဉ်ကြီး ထဲတွင် မလွဲမသွေ ပေါင်းဆုံကြရစမြဲဖြစ်သည်။

### စားနပ်ရိက္ခာအထွက်နှုန်း တိုးမြှင့်စေရန်

တိုးပွားလာမည့် ကမ္ဘာ့လူဦးရေကို ကြိုတင်မျှော်မှန်း ပြီး စားနပ်ရိက္ခာအထွက်နှုန်း တိုးမြှင့်လာစေရေးအတွက် နိုင်ငံတကာ စိုက်ပျိုးရေး သုတေသနဆိုင်ရာ အကြံပေးအဖွဲ့ (Consultative Group on International Agricultural Research)ကို ၁၉၇၁ ခုနှစ်ကပင် စတင် ဖွဲ့စည်းခဲ့သည်။

ကမ္ဘာ့နိုင်ငံ အများအပြား ပါဝင်သော ထိုအဖွဲ့ကြီးက ဆင်းရဲသား ငတ်မွတ်ခေါင်းပါးသူများအတွက် စားနပ် ရိက္ခာ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ရန် ဦးတည်ချက်ဖြင့် ခေတ် အမီဆုံးနှင့် အထိရောက်ဆုံးသော စိုက်ပျိုးရေး နည်းပညာ များကို ဖြန့်ဝေပေးလျက် ရှိသည်။ ထိုအဖွဲ့ကြီးတွင် အစိုးရ နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းပေါင်း ၅၈ ခု ပါဝင်ပြီး နိုင်ငံတကာ စိုက်ပျိုးရေး သုတေသနစခန်း ၁၆ ခုကို ပံ့ပိုး ဖြည့်ဆည်းပေးလျက် ရှိသည်။

နိုင်ငံတကာ စိုက်ပျိုးရေး သုတေသနစခန်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အမျိုးသား စိုက်ပျိုးရေးသုတေသန လုပ်ငန်းများ (National Agricultural Research Systems)၌ အသုံးပြုနိုင်ရန် ခေတ်အမီဆုံးသော မျိုးစပ် ပစ္စည်းကိရိယာများကို တီထွင်ထုတ်လုပ်ပေးလျက်ရှိကြ သည်။ ထိုကိရိယာများသည် ဆင်းရဲသော လယ်သမား များအား စားနပ်ရိက္ခာ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ် ထုတ်လုပ်ထားခြင်းဖြစ်၍ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှု နောက်ကျသော နိုင်ငံများနှင့် ဆင်းရဲသောနိုင်ငံများ၏ အစိုးရအစီအစဉ်များဖြင့် ခွင်းချက်မရှိ ရယူနိုင်ကြသည်။

### အစိမ်းရောင်လှုပ်ရှားမှု

ထိုအဖွဲ့ကြီးက ဦးစီးဦးဆောင် ကမကထပြုနေသော ကောက်ပဲသီးနှံ ဖူလုံစွာထွက်ရှိရေးကို ဦးတည်ထားသည့် အစိမ်းရောင်လှုပ်ရှားမှု (Green Operation)သည် ကမ္ဘာ့ လူဦးရေ သန်းပေါင်းများစွာကို အစာရေစာ ဝလင်အောင် ကျွေးမွေးနိုင်မည့် စီမံချက်ကြီးတစ်ရပ်ဖြစ်သည်။ ဇီဝ နည်းပညာ၏ အသီးအပွင့်ဖြစ်သော မျိုးဗီဇတော်လှန်ရေး ကမူ အစာကိုလည်း ဝစေသလို စီးပွားဥစ္စာကိုလည်း ဖြစ်ထွန်းစေမည်ဖြစ်၍ ထိုအဖွဲ့ကြီး၏ အစိမ်းရောင် လှုပ်ရှားမှုကို နောက်ကွယ်မှနေ၍ ကောင်းစွာ အကျိုးပြု နိုင်မည်ဖြစ်သည်။

ဇီဝနည်းပညာသည် အပင်နှင့် တိရစ္ဆာန်တို့၏ အရေ အတွက်နှင့် အရည်အသွေးတို့ကို လျင်မြန်စွာ တိုးပွား မြင့်မားလာအောင် စွမ်းဆောင်ပေးနိုင်သည်။ ရယူလိုသော မျိုးများကို သမားရိုးကျ မျိုးပွားနည်းဖြင့် ခွဲခြား ပေါင်းစပ် ရသော အချိန်ကာလများကို ဇီဝနည်းပညာက များစွာ တိုတောင်းသွားစေသည်။ ဇီဝနည်းပညာ၏အစွမ်းကြောင့် အပင်မျိုးစပ်မှု လုပ်ငန်းများ၌ ပို၍ တိကျသေချာအောင် လုပ်ဆောင်လာနိုင်သလို ထွက်ပေါ်လာသည့် မျိုးများ၏ အရည်အသွေးကိုလည်း ယခင်ကထက်ပို၍ နီးနီးစပ်စပ် ခန့်မှန်းတွက်ချက်လာနိုင်ပြီဖြစ်သည်။

### ဇီဝနည်းပညာ၏ လုပ်ဆောင်နိုင်စွမ်း

မိုးခေါင်ရေရှားမှုဒဏ်ကိုခံနိုင်သော အပင်များ၊ ဆား ဓာတ်လွန်ကဲသောမြေပေါ်၌ ပေါက်ရောက်ရှင်သန်နိုင်သော အပင်များနှင့် သီးနှံဖျက် ပိုးမွှားများ၏ဒဏ်ကို ခံနိုင်သော အပင်များကို ဇီဝနည်းပညာဖြင့် ဖန်တီးနိုင်သည်။ မူလ အပင်မျိုး၏ ထူးခြားသောလက္ခဏာများကို မျိုးဗီဇနည်း ဖြင့် ပြောင်းလဲပေးပြီး အချိန်ကာလ စောစီးစွာ သီးပွင့်နိုင် အောင်လည်း ဇီဝနည်းပညာက လုပ်ဆောင်ပေးနိုင်သည်။

အလားတူပင် စိုက်ပျိုးပေါက်ရောက်နိုင်သည့် မြေ အမျိုးအစား အကန့်အသတ်ရှိသော အပင်မျိုးများကို ဇီဝနည်းပညာအသုံးပြုပြီး ပြောင်းလဲထုတ်လုပ်ပေးနိုင် သဖြင့် နေရာဒေသမရွေး ပြောင်းရွှေ့ကာ စိုက်ပျိုးနိုင်ပြီ ဖြစ်သည်။ ဇီဝနည်းပညာသည် ကောက်ပဲသီးနှံများ၏ အာဟာရတန်ဖိုးကို မြင့်မားအောင်လည်း စွမ်းဆောင်ပေး နိုင်သည်။ လက်ရှိအားဖြင့် မွေးမြူရေးလုပ်ငန်းများတွင် အသုံးပြုနေသည့် တိရစ္ဆာန်ရောဂါကာကွယ်ဆေးများသည် ဇီဝနည်းပညာ သုတေသနလုပ်ငန်းများမှ ထွက်ပေါ်လာ သော ရလဒ်ကောင်းများပင်ဖြစ်သည်။

ဒုတိယထောင်စုနှစ် ကုန်ဆုံးလုဆဲဆဲ ကာလတွင် မျိုးဗီဇ အသွင်ပြောင်းထားသော ကောက်ပဲသီးနှံများကို စိုက်ပျိုးသည့် မြေဧရိယာမှာ သိသာစွာ တိုးပွားများပြား လာခဲ့သည်။ တိုးပွားလာသည့် စိုက်ပျိုးမြေဧရိယာ အများစု သည် ကမ္ဘာ့မြောက်ပိုင်းနိုင်ငံများ၌ဖြစ်ပြီး မျိုးဗီဇ အသွင် ပြောင်းထားသည့် ပဲပိစပ်၊ ပြောင်းဖူး၊ ဝါဂွမ်း၊ ဆီထွက် မုန်ညင်းနှင့် အာလူးတို့သည် အများဆုံးစိုက်ပျိုးသော သီးနှံများဖြစ်ကြသည်။ တိုးချဲ့စိုက်ပျိုးသည့် ကောက်ပဲ သီးနှံများအနက် ပေါင်းသတ်ဆေးဒဏ်ကို ခံနိုင်သော အပင်မျိုးများက ၇၀ ရာခိုင်နှုန်းကျော် ရှိနေပြီး ပိုးမွှားဒဏ် ခံနိုင်သော အပင်မျိုးများက ၃၀ ရာခိုင်နှုန်းခန့် ရှိနေသည်။

### ဇီဝနည်းပညာ၏ အကျိုးကျေးဇူးများ

ပိုးမွှားဒဏ်ခံနိုင်သော အပင်မျိုးများသည် သီးနှံဖျက် ပိုးမွှားများကို တိုက်ထုတ်ပေးနိုင်သည့် အဆိပ်ဓာတ် တစ်မျိုးကို ထုတ်ပေးနိုင်အောင် ဇီဝနည်းပညာဖြင့် မျိုးဗီဇ အသွင်ပြောင်းထားခြင်း ဖြစ်သည်။ ထိုကဲ့သို့ အဆိပ်ဓာတ် ကို ထုတ်ပေးနိုင်အောင် မျိုးဗီဇ အသွင်ပြောင်းထားသည့် အတွက် ပိုးသတ်ဆေးသုံးစွဲရမှုပမာဏ များစွာ လျော့ကျ လာသဖြင့် ပိုးသတ်ဆေးအတွက် သုံးစွဲရသည့် စရိတ်စက များကို လျှော့ချလာနိုင်ကာ စိုက်ပျိုးသည့် တောင်သူတို့ကို စီးပွားရေး ချောင်လည်လာစေသည်။

ဆွစ်ဇာလန်နိုင်ငံမှ သိပ္ပံပညာရှင်များသည် ဗီတာမင် အေနှင့် သံဓာတ် များစွာပါဝင်အောင် ဇီဝနည်းပညာဖြင့် မျိုးဗီဇ အသွင်ပြောင်းထားသော စပါးမျိုးကို ဓာတ်ခွဲခန်း၌ ဖန်တီးထုတ်လုပ်နိုင်ခဲ့ကြသည်။ ယင်းကဲ့သို့သော ဇီဝ နည်းပညာ ဖန်တီးမှုသည် ကမ္ဘာပေါ်၌ ဆန်ကို အဓိက ထား၍ စားသုံးနေသော လူသန်းပေါင်း ၂၄၀၀ တို့အတွက် ကလေးသူငယ်များတွင် ဖြစ်ပွားတတ်သည့် မျက်စိကွယ် ခြင်းနှင့် သွေးအားနည်းခြင်း အန္တရာယ်များမှ အစဉ်ထာဝရ ကာကွယ်ပေးနိုင်လိမ့်မည် ဖြစ်သည်။

နိုင်ငံတကာ စိုက်ပျိုးရေး သုတေသနဆိုင်ရာ အကြံပေးအဖွဲ့ကြီးက ဦးဆောင်ဦးရွက်ပြုနေသော ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး အစိမ်းရောင်လှုပ်ရှားမှုကြီးကို ကျားကန်ပေးနေသည့် မျိုးဗီဇတော်လှန်ရေး၏ အနှစ်သာရ ဖြစ်သော ဇီဝနည်းပညာသည် စားနပ်ရိက္ခာ ဖူလုံစွာ ထွက်ရှိရေးကို ကောင်းစွာ အထောက်အပံ့ပြုနေရုံမျှမက ကမ္ဘာ့လူသားတို့၏ နှလုံးသည်းပွတ်ထဲ၌ အရိုးစွဲနေသော အယူအဆများကိုပါ ပြောင်းလဲပေးနိုင်လိမ့်မည်ဖြစ်သည်။

ဆင်းရဲသူများနှင့် ခိုကိုးရာမဲ့နေသူများ၏ ဘဝသည် အခွင့်အရေးဆုံးရှုံးမှုနှင့် ထပ်တူကျနေသည် ဟူသော၊ ဆင်းရဲမွဲတေသူများသည် ဒုက္ခသုက္ခများနှင့် အမြဲသဖြင့် ရင်ဆိုင်ကြရလိမ့်မည်ဟူသော အရိုးစွဲနေသည့် ယုံကြည်မှု များကိုပါ ဇီဝနည်းပညာက အံ့သြဖွယ်ကောင်းလောက် အောင် တစ်ဆစ်ချိုး ပြောင်းလဲပေးလိုက်နိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။ ။

**"မိုးခေါင်ရေရှားမှုဒဏ်ကိုခံနိုင်သော အပင်များ၊ ဆားဓာတ်လွန်ကဲသောမြေပေါ်၌ ပေါက်ရောက်ရှင်သန်နိုင်သော အပင်များ နှင့် သီးနှံဖျက်ပိုးမွှားများ၏ဒဏ်ကို ခံနိုင်သော အပင်များကို ဇီဝနည်းပညာဖြင့် ဖန်တီးနိုင်သည်။ မူလ အပင်မျိုး၏ ထူးခြားသောလက္ခဏာများကို မျိုးဗီဇနည်းဖြင့်ပြောင်းလဲပေးပြီး အချိန်ကာလ စောစီးစွာ သီးပွင့်အောင်လည်း ဇီဝနည်းပညာက လုပ်ဆောင်ပေးနိုင်သည်။ အလားတူပင် စိုက်ပျိုးပေါက်ရောက်နိုင်သည့် မြေအမျိုးအစား အကန့်အသတ်ရှိသော အပင်မျိုး များကို ဇီဝနည်းပညာအသုံးပြုပြီး ပြောင်းလဲထုတ်လုပ်ပေးနိုင်သဖြင့် နေရာဒေသမရွေး ပြောင်းရွှေ့စိုက်ပျိုးနိုင်ပြီဖြစ်သည်။ ဇီဝနည်းပညာသည် ကောက်ပဲသီးနှံများ၏ အာဟာရတန်ဖိုးကို မြင့်မားအောင်လည်း စွမ်းဆောင်ပေးနိုင်သည်"**

# မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် မာရသွန်ပြိုင်ပွဲကျင်းပ




မာရသွန်ပြိုင်ပွဲ အမျိုးအစား လေးမျိုးမှ အပျော်တမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသူများ
ဓာတ်ပုံ-မိုင်းဘညာဏ်(ကွတ်ခိုင်)

**မူဆယ် ဇန်နဝါရီ ၁**

မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် မာရသွန်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပခဲ့ပြီး တရုတ်နိုင်ငံ ရွှေလီမြို့ နော်မောဟုပန်းခြံမှ စတင်တာလွှတ်ခဲ့ကာ မြန်မာ၊ တရုတ် နှစ်နိုင်ငံအပြင် အခြား နိုင်ငံစုံမှ ပြိုင်ပွဲဝင် စုစုပေါင်း ၇၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မာရသွန်ပြိုင်ပွဲကို မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦး၊ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးမှူး ဦးကျော်ကျော်သိန်း၊ မူဆယ်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဥက္ကာနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် အားကစားလေ့ကျင့်ရေးနှင့် လူငယ်အားကစားမှူး မစ္စတာ လိရောင်ယုန်းတို့က ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်များသည် နော်မောဟုပန်းခြံမှ စတင် တာထွက်ကာ နှစ်နိုင်ငံ နယ်စပ်ဂိတ်(နန်းတော်ဂိတ်)မှ မြန်မာနိုင်ငံ မူဆယ်မြို့ထဲသို့ ဝင်ရောက်ကြပြီး နှစ်နိုင်ငံ နယ်စပ်ဂိတ်(ဆင်ဖြူဂိတ်)မှ ရွှေလီမြို့သို့ ပြန်ထွက်၍ နော်မောဟုပန်းခြံတွင် ပြန်လည် ပန်းဝင်ကြသည်။

ပြိုင်ပွဲ အမျိုးအစားများအနေဖြင့် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲဟု နှစ်မျိုးခွဲသည့်အပြင် တာဝေး(၄၂ ဒသမ ၂ ကီလိုမီတာ)၊ တာလတ်(၂၁ ဒသမ ၁ ကီလိုမီတာ)၊ တာတို(၅ ကီလိုမီတာ)နှင့် အပျော်တမ်း(၂ ကီလိုမီတာ)ဟူ၍ လေးမျိုး ခွဲခြားယှဉ်ပြိုင်ခဲ့ကြပြီး တာဝေး(ပထမ)ဆုကို တရုတ်ယွမ်ငွေ ၂၀၀၀၀ နှင့် တာလတ်(ပထမ)ဆုကို တရုတ်ယွမ် ၈၀၀၀ ချီးမြှင့်ကာ အခြားဆုများအဖြစ် တာတိုဆု၊ အပျော်တမ်းဆုနှင့် ပေါက်ဖော်ဆုများလည်း ပေးအပ်ချီးမြှင့်ခဲ့သည်။

"ဒီပြိုင်ပွဲကို ကျင်းပပေးတဲ့အတွက် နိုင်ငံတကာ အားကစားသမားတွေရဲ့ တိုးတက်မှုတွေကို မြင်တွေ့ရတယ်၊ ကျွန်တော်တို့ ဘယ်လောက်အထိ ကြိုးစားရမလဲဆိုတဲ့ အသိလေးတွေ ရခဲ့တယ်၊ ပြိုင်ပွဲတစ်လျှောက်မှာ နှစ်နိုင်ငံပရဟိတ အဖွဲ့တွေက ဆေးဝါးကုသပေးတာတွေနဲ့ လမ်းတစ်လျှောက်မှာ ပရိသတ်တွေရဲ့ အားပေးမှုတွေကလည်း အတုယူချင်စရာပါ၊ နောက်နှစ်တွေလည်း ဆက်လက်ယှဉ်ပြိုင်ဖို့ စိတ်ကူးထားပါတယ်၊ ဒီပြိုင်ပွဲကျင်းပပေးတာ အားကစားသမားတွေအတွက် အလွန်အကျိုးရှိပါတယ်"ဟု ပြိုင်ပွဲကို ၂၀၁၇ ခုနှစ်မှစ၍ ပါဝင်ယှဉ်ပြိုင်ခဲ့သူ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ဝင် နေပြည်တော်မှ ကိုဇင်မင်းထက်က ပြောသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် မာရသွန်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခု ၂၀၁၉ ပြိုင်ပွဲမှာ (၄)ကြိမ်မြောက်ကျင်းပခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် မြန်မာ-တရုတ် နယ်စပ်ဖြတ်ကျော် မာရသွန်ပြိုင်ပွဲတွင် မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံ၊ ကင်ညာနိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် အခြား နိုင်ငံပေါင်း ၃၃ နိုင်ငံတို့မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် မာရသွန်ပြိုင်ပွဲကို တရုတ်နိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် ယူနန်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံဘက်မှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်၊ ရွှေလီမြို့နှင့် မူဆယ်မြို့တို့မှ တာဝန်ရှိသူများက ပူးပေါင်းပါဝင် ကူညီပံ့ပိုးပေးထားကြသည်။

မာရသွန်ပြိုင်ပွဲကို နှစ်နိုင်ငံရှိ ပြည်သူများ အားကစားကဏ္ဍအပေါ် စိတ်ဝင်စားမှုများ ပိုမိုတိုးတက်စေရန်၊ မြန်မာ-တရုတ် ရိုးရာ ဓလေ့ထုံးစံများနှင့် ပိုမိုရင်းနှီးလာစေရန်၊ မြန်မာ-တရုတ် ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍ ပိုမို ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နှစ်နိုင်ငံ ပြည်သူများအကြား ရင်းနှီးခင်မင်မှု တိုးလာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

**ဆလိုင်းဗန်ရီးထန်(ပြန်/ဆက်)**

# အင်္ဂပူမြို့နယ်၌ ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော် စည်ကားစွာ ကျင်းပမည်

**အင်္ဂပူ ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အင်္ဂပူမြို့နယ် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကာ ကလေးစာပေပွဲတော်၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တွင် ဟသ်ာတခရိုင် အင်္ဂပူမြို့ အထက(ကွင်းကောက်)ကျောင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော်၊ စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများပြခန်း၊ အင်္ဂပူမြို့နယ်ပြခန်း၊ အခြေခံပညာဦးစီးဌာန ပြခန်း၊ မြို့နယ်ရဲတပ်ဖွဲ့ ပြခန်း၊ မီးသတ်ဦးစီးဌာနပြခန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြခန်း၊ စိုက်ပျိုးရေး+ငါးလုပ်ငန်း+တိမွေးကုဦးစီးဌာန ပြခန်း၊ ကျန်းမာရေးဌာနပြခန်း အစရှိသည့် မြို့နယ်ပြခန်းများအပြင် ကလေးစာဖတ်ခန်းကိုလည်း ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ကလေးများအတွက် ပုံပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြော၊ စက္ကူခေါက်၊ ဆေးရောင်ခြယ်၊ အရုပ်ဆက်၊ စကားပုံဆက်၊ အိမ်ဆောက်၊ ထုပ်ဆီးတိုး၊ အိတ်စွပ်အပြေး စသည့်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သလို ပဒေသာကပွဲ၊ စာပေဟောပြောပွဲ၊ စာအုပ်ဈေးရောင်းပွဲ စသည့် အစီအစဉ်များကိုလည်း ထည့်သွင်းကာ စည်ကားစွာ ကျင်းပသွားရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။ **မန်းကျော် (ပြန်/ဆက်)**



ကလေးစာပေပွဲတော်၌ ကလေးစာဖတ်ခန်းဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားစဉ်

# ဒါန်းစမ်း-ငွေးချို-လက်မြှောင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်လျက်ရှိ

**အောင်လံ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်းရှိ ဒါန်းစမ်း၊ ငွေးချိုနှင့် လက်မြှောင်ကျေးရွာများမှ ပြည်သူများ၏ လယ်ယာထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီ တင်ပို့နိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဒါန်းစမ်း-ငွေးချို-လက်မြှောင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းကို ဒီဇင်ဘာလ ဒုတိယပတ်မှ စတင်ကာ ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် 'က' အဆင့်ဝင်လမ်းနှင့် 'ခ' အဆင့်ဝင်လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိဘဲ ကျေးလက်ဒေသနေပြည်သူများ၏စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားစီးပွားရေးလုပ်ငန်းများမှ ထွက်ကုန်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် ဈေးကွက်သို့ လျင်မြန်စွာရောက်ရှိစေရန် သယ်ပို့ပေးနိုင်မည့် ကျေးလက်ကုန်ထုတ်လမ်းများ၊ ဆိပ်ခံသွားလမ်းအပါအဝင် အထောက်အကူပြုလမ်းများ၊ ခေတ်မီစက်မှုလယ်ယာအတွင်းလမ်းများ၊ ရေကျော်၊ မြောင်းကူးတံတားနှင့် ဆိပ်ခံတံတားများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်မှစ၍ ဆောင်ရွက်ပေးခဲ့ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြီးက ရှင်းပြသည်။

"ဒါန်းစမ်း-ငွေးချို-လက်မြှောင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေမှာ ထုတစ်ပေ မြေသားခင်းခြင်းနဲ့ ကိုးလက်မထု မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကိုတော့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ် ၇၂ သန်းနဲ့ တင်ဒါအောင်မြင်တဲ့ ဟိန်းလျှံစိုးကုမ္ပဏီက ဆောင်ရွက်လျက်ရှိပြီး မိုးရာသီမတိုင်မီ အပြီးဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဦးစီးမှူးက ပြောသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုများကို အောင်လံမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြီးတို့က ကျေးရွာ လမ်းကော်မတီဝင်များနှင့်အတူ ဒီဇင်ဘာ ၃၁ ရက်က ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

ဒါန်းစမ်း-ငွေးချို-လက်မြှောင် ကျေးလက်ကုန်ထုတ်လမ်း ပြီးစီးသွားပါက အဆိုပါ ကျေးရွာသုံးရွာရှိ လယ်မြေဧက ၅၄၀ ကျော်မှ ထွက်ကုန်များကို မြို့ပြဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ **သန်းလွင်(မကွေး)**

# ဗာတိမာန်လူငယ်ဘောလုံးအသင်း ၂၀၁၉ ခုနှစ်အတွက် အကောင်းဆုံးကစားသမားများ ရွေးချယ်ဆုချီးမြှင့်

**မန္တလေး ဇန်နဝါရီ ၁**

လူငယ်များ ကျန်းမာကြံ့ခိုင်စေရန်၊ ဘောလုံးအားကစားကို စိတ်ဝင်စားစေရန်နှင့် ထူးချွန်ထက်မြက်သော လူငယ်ကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်၍ တည်ထောင်ထားသော ဗာတိမာန်လူငယ်ဘောလုံးအသင်းက ၂၀၁၉ ခုနှစ်အတွက် အကောင်းဆုံးကစားသမားများရွေးချယ်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက်တွင် မန္တလေးမြို့ အောင်မြေမန္တလာဘောလုံးကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နည်းပြချုပ်ဦးဇော်ဝင်းက ဆုချီးမြှင့်ရခြင်း ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အကောင်းဆုံးကစားသမားဆုရ ဟိန်းမင်းထွဋ်၊ အတိုးတက်ဆုံး ကစားသမားဆုရ ဟိန်းထက်အောင်နှင့် သော်တာမင်းသန့်၊ လေ့ကျင့်မှုအကောင်းဆုံးဆုရ ကျော်ကျော်နိုင်နှင့် ကောင်းထက်သာ၊ စည်းကမ်း အကောင်းဆုံးဆုရ ဟိန်းထက်အောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါအသင်းကို ၁၉၉၇ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး ထူးချွန်သော ကစားသမားများမွေးထုတ်ပေးလျက်ရှိသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# လွတ်လပ်ရေးနေ့အကြို စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကျင်းပ

**သံတွဲ ဇန်နဝါရီ ၁**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဒီဇင်ဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်ရွှေက ပြိုင်ပွဲများကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပန်းချီပညာရှင် ထိုက်တန်(သံတွဲ)က ပြိုင်ပွဲခေါင်းစဉ်များနှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါပြိုင်ပွဲသို့ သံတွဲမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုများကို ဇန်နဝါရီ ၃ ရက်တွင် ချီးမြှင့်မည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲ ကျင်းပ

**ကန့်ဘလူ ဇန်နဝါရီ ၁**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲကို ကန့်ဘလူမြို့ ဘော်လီဘောအားကစားကွင်း၌ ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက စတင်ကျင်းပလျက်ရှိသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲတွင် အသင်း ငါးသင်းက အုပ်စုနှစ်စုခွဲ၍ ပါဝင်ယှဉ်ပြိုင်ပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရ အသင်းများကို လွတ်လပ်ရေးနေ့တွင် ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။ ကန့်ဘလူမြို့၌ လွတ်လပ်ရေးနေ့တွင် ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ကလေးငယ်များ ပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင်ကစားနိုင်မည့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲများကိုလည်း ကျောင်းအလိုက် ကျင်းပပေးသွားမည်ဖြစ်ကြောင်း အလက (၅) ကျောင်းအုပ်ဆရာမကြီးထံမှ သိရသည်။ **အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

## ဘုန်းတော်ကြီးသင် ပရဟိတကျောင်းမှ ကလေးငယ်များအတွက် လှူဒါန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက်ရှိ သီရိရတနာ ဘုန်းတော်ကြီးသင် ပရဟိတ ပညာရေးကျောင်းရှိ ကလေးငယ်များအတွက် အလှူငွေများလိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သီရိရတနာ ပရဟိတ ပညာရေးကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆၀ ပညာသင်ကြားလျက်ရှိပြီး ကျောင်းသား ကျောင်းသူများအတွက် နေ့စဉ် စားစရိတ်မှာ ငွေကျပ်နှစ်သိန်းခန့် ကုန်ကျကြောင်းနှင့် လက်ရှိအချိန်တွင် ကျောင်းသား ကျောင်းသူများနေထိုင်ရန် အဆောင်တစ်ဆောင်၊ စာသင်ဆောင်တစ်ဆောင်နှင့် အိမ်သာ ခြောက်လုံး ဆောက်လုပ်ရန်လည်း အလှူငွေများလိုအပ်လျက်ရှိ၍ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များအနေဖြင့် လှူဒါန်းလိုပါက ကျောင်းအုပ်ဆရာတော် အရှင်သူရိယ ဖုန်း ၀၉-၂၅၄၀၄၇၉၅၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် လှည်းကူးမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**လှည်းကူး ဇန်နဝါရီ ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အားကစားခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ပြည်သူလူထုတွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့က ပြုလုပ်သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် လှည်းကူးဒေသခံပြည်သူများ တွေ့ဆုံကြစဉ်။

အခမ်းအနားတွင် ဝန်ကြီးချုပ်က လှည်းကူးမြို့နယ်သည် ရန်ကုန်မြို့သို့ ဝင်ရောက်ရာ အဓိကလမ်းမကြီးများ၏ ဝင်/ထွက် ပေါက်နေရာတွင် တည်ရှိသောမြို့ဖြစ်သည့်အပြင် မိမိ၏ မဲဆန္ဒနယ်မြေလည်းဖြစ်ကြောင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပတွင် တည်ရှိသောမြို့ဖြစ်သဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စည်ပင်နယ်နိမိတ်အတွင်းရှိ မြို့များကဲ့သို့ မလွယ်ကူကြောင်း၊ သို့သော်လှည်းကူးမြို့နယ်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ အမြန်လမ်းမကြီးဘေး မိုင်တိုင်အမှတ်(၀) မိုင်မှ (၄)မိုင်ကြားတွင် အစိမ်းရောင်စီးပွားရေးမြို့တော် တည်ဆောက်နိုင်ရေးကိုလည်းကောင်း၊ ညောင်နှစ်ပင်စက်မှုဇုန်တွင် ကိုရီးယား-မြန်မာစက်မှုဇုန် တည်ဆောက်နိုင်ရေးကို လည်းကောင်း၊ လှည်းကူးမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အကြားတွင် နိုင်ငံတကာ အဆင့်မီ စက်မှုမြို့တော် တည်ဆောက်နိုင်ရေးကို လည်းကောင်း၊ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန် အဆင့်မြှင့်တင်နိုင်ရေးအတွက်လည်းကောင်း ဒေသခံ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းများ ဆောင်ရွက်ရာတွင် သောက်သုံးရေနှင့် လျှပ်စစ်မီး လိုအပ်ချက် ဖြစ်ပေါ်သဖြင့် ငမိုးရိပ်ဆည်မှ သောက်သုံးရေရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်မီးအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာတွင် တိုင်းဒေသကြီးအတွင်း ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာများတွင် လျှပ်စစ်မီးလင်းရေးကို ယခင်က ကျေးရွာကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်နေမှုရှိသော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ယင်းလုပ်ငန်းများအား သက်ဆိုင်ရာ လျှပ်စစ်ဝန်ကြီးဌာနမှ လွှဲပြောင်းရယူ၍ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများက လိုအပ်ချက်များ တင်ပြခဲ့ကြပြီး ယင်းတင်ပြချက်များကို မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးညွန့်ဝင်း၊ မြို့နယ်ကျေးလက်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ဇော်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးပိုင်ပေါ်ထွန်းနှင့်သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**နိုင်လင်း (လှည်းကူး)**

# ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)၏ သုတေသနဂျာနယ်ထုတ်ဝေခြင်းနှင့် Product Show အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**လွိုင်ကော် ဇန်နဝါရီ ၁**

ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)၏ ဒုတိယအကြိမ် သုတေသနဂျာနယ် ထုတ်ဝေခြင်းနှင့် Product Show အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က လွိုင်ကော်မြို့ ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးနှင့် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)မှဒုတိယပါမောက္ခချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ယခုပြုလုပ်သည့်အခမ်းအနားသည် ပြည်နယ်အတွင်း ကွန်ပျူတာအတတ်ပညာရှင်များ ပိုမိုတိုးတက်များပြားလာအောင် ပြုစုပျိုးထောင်ပေးနေသည်ဟု မှတ်ယူရနိုင်ကြောင်း၊ တက္ကသိုလ်ဆရာ ဆရာမများရေးသားထုတ်ဝေသည့် သုတေသနစာတမ်းများနှင့် ကျောင်းသား ကျောင်းသူများ၏ တီထွင်ဖန်တီးမှုများ ပြုလုပ်နေသည်မှာလည်း အားရကျေနပ်ဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများ ဖြစ်စေရေးအတွက် ပညာရပ်ဆိုင်ရာ လေ့လာမှုများ၊ သင်ကြားရေးလုပ်ငန်းများအပြင်အရေးကြီး လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် သုတေသနဆောင်ရွက်ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဆောင်ရွက်ချက်အောင်မြင်မှုကို တခမ်းတနား တွေ့မြင်ရကြောင်း၊ ပညာရပ်ဆိုင်ရာ သင်ကြားပေးရုံသာမက တီထွင်ဖန်တီးမှု စိတ်ကူးများမှတစ်ဆင့် လေ့လာဆန်းသစ် ဖန်တီးထားသည့် သုတေသနဂျာနယ် ၈၉ စောင်နှင့် Product Show ၂၅ ခုကို ပြသသွားမည်ဟု သိရှိရကြောင်း၊ လိုအပ်ချက်များ၊ အားနည်းချက်များကို စုပေါင်းအင်အားဖြင့် ဖြတ်ကျော်ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေးက ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)မှ ကျောင်းသား ကျောင်းသူများက သင်ကြားသင်ယူမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့က ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)မှ ကျောင်းသား ကျောင်းသူများ၏ Product Show များ ပြသခြင်းအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**လွိုင်ကော်သား**

# ပဲခူးမြို့၏ နေချင့်စဖွယ်လမ်းမများ ပွဲတော် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖွင့်လှစ်ပေး

**ပဲခူး ဇန်နဝါရီ ၁**

ပဲခူးမြို့ လိပ်ပြာကန်အနီး လမ်း(၃၀)တွင် သက်ဝင်လှုပ်ရှားလမ်းမများ၊ ပဲခူးမြို့၏ နေချင့်စဖွယ်လမ်းမများပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မှတ်တမ်းလက်မှတ်ရေးထိုးကာ ပွဲတော်အတွင်း ခင်းကျင်းပြသထားသည်များကို ကြည့်ရှုသည်။

ပွဲတော်အား ပဲခူးမြို့တော်၏လမ်းများ သန့်ရှင်းသပ်ရပ်သာယာ လှပလာ၍ မြို့သူမြို့သားများအနေဖြင့် ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ပြီး မိမိတို့ပဲခူးမြို့ကြီးကို ဂုဏ်ယူစွာ ချစ်တတ်လာစေရန်အတွက် ၂၀၁၉ ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၂၀ ဇန်နဝါရီ ၄ ရက် ညနေ ၄ နာရီမှ ည ၁၀ နာရီအထိ ငါးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး စတင်ကျင်းပသည့် ဖွင့်ပွဲပထမနေ့တွင် တပင်တိုင်ခြင်း အလှခတ်၊ မျက်လှည့်၊ စောင်း၊ ပတ္တလား၊ တယော၊ ဗုံတိုဗုံရှည်နှင့် မြေဝိုင်းတေးဂီတ၊ ခေတ်ပေါ်တေးဂီတဖျော်ဖြေမှုများအပါအဝင် ပဲခူးတက္ကသိုလ် ကျောင်းသားများ၏ ဟံသာဝတီ အက၊ အထက (၃) ကျောင်းသား ကျောင်းသူများ၏ ပုဂံအက၊ Knoledge Zone နှင့် အထက(၁)ကျောင်းသား ကျောင်းသူလေးများ၏ ကျေးလက်အကများ၊ ဦးရွှေရိုးနှင့် ဒေါ်မိုးအက စသည့်တင်ဆက်မှုများ ပါဝင်ဖျော်ဖြေတင်ဆက်ကြ ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဆယ်အိမ်တန်းကမ်းခြေဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများကို စွဲဆောင်နိုင်စေမည့် ခရီးသွားလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့မှ နှစ်နာရီခန့်အတွင်း ရောက်ရှိနိုင်သော ဆယ်အိမ်တန်းကမ်းခြေအား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်၍ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖော်ဆောင်လျက်ရှိသည်။

"နိုင်ငံခြားသားတွေ ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီအများစုဟာ ရန်ကုန်မှာ အခြေချတာများတယ်။ ပြည်တွင်းမှာရှိတဲ့ နိုင်ငံခြားသားတွေကလည်း သဘာဝအလှအပကို နှစ်ခြိုက်ကြတယ်။ တွံတေးကျိုက်သလဲကို တစ်နှစ်နိုင်ငံခြားသား ၁၅၀၀ နီးပါး လည်ပတ်တဲ့အတွက် ပိုမိုကောင်းမွန်အောင် ပြင်ဆင်နေတာ ရှိတယ်။ ဆယ်အိမ်တန်းကမ်းခြေဆိုရင် တစ်ပတ်ကို လည်ပတ်သူ ၁၅၀၀ ကျော်ရှိတဲ့အတွက် ၃၀၀၀ ထိလည်ပတ်နိုင်ဖို့ စနစ်ကျပြီး အောင်မြင်အောင် လုပ်ဖို့ရှိတယ်။ နောက်တစ်ခုက ကော့မှူးဝါးသင်္ခ ကရင်တိုင်းရင်းသားကျေးရွာကို အသွင်အပြင်ဆန်းနဲ့ လုပ်ဆောင်ဖို့ရှိမယ်" ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။

တိုင်းဒေသကြီးအစိုးရအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ်တွင် ခရီးသွားလုပ်ငန်းယခုထက် ပိုမိုဖွံ့ဖြိုးရန် ကြိုးပမ်းလျက်ရှိပြီး ရန်ကုန်မြို့နှင့် ၃၆ မိုင်ခန့်သာ ကွာဝေး၍ နေ့ချင်းပြန် လည်ပတ်နိုင်သော ပင်လယ်ကမ်းခြေအလှအပကို ခံစားကြည့်ရှုနိုင်သည့် ဆယ်အိမ်တန်းကမ်းခြေကို ယခုထက် ခရီးသွားများ ပိုမိုဝင်ရောက်စေရန် ဖော်ဆောင်နေခြင်းဖြစ်သည်။ ငွေဆောင်၊ ချောင်းသာကဲ့သို့ ပင်လယ်ကမ်းခြေရှည်လျားမှု မရှိသော်လည်း ပင်လယ်ပြင်အလှကို တိုက်ရိုက်ကြည့်ရှုနိုင်လျက် တစ်မိုင်ကျော်ရှည်လျားသော ပြန့်ပြူးလျက်ရှိသည့် ကမ်းခြေတစ်လျှောက်တွင် အပန်းဖြေအနားယူနိုင်သောကြောင့် ပိုမိုကောင်းမွန်သည့် အပြင်အဆင်၊ ဝန်ဆောင်မှုများနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖော်ဆောင်မှုတို့တွင် ဒေသခံများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်လျက်ရှိသည်။

မြန်မာနိုင်ငံသို့ ခရီးသွားဝင်ရောက်ရာ၌ ရန်ကုန်မြို့သို့ဦးစွာဝင်ရောက်လေ့ရှိပြီး တစ်ရက်တာ နားခို၍ မြန်မာပြည်အထက်ပိုင်းသို့ ဆက်လက်ထွက်ခွာကြသောကြောင့် ပြည်ပခရီးသွားများရက်အနည်းငယ် ထပ်မံဆွဲဆောင်နိုင်မည့် ခရီးသွားလုပ်ငန်းများ၊ အပန်းဖြေဆိပ်ကမ်းများနှင့် ပင်လယ်ကမ်းခြေများဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်ပါက ရန်ကုန်မြို့သည် စီးပွားအချက်အချာကျရာ မြို့ပြကြီးတစ်ခုအပြင် ပြည်ပခရီးသွားများ နားခိုရာဒေသတစ်ခုအဖြစ် နိုင်ငံခြားဝင်ငွေရရှိ လာမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ပင်လယ်ကမ်းခြေ အပန်းဖြေရာနေရာတစ်ခုဖြစ်သော ဆယ်အိမ်တန်းကမ်းခြေဒေသအား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ခရီးသွားများ ပိုမိုဝင်ရောက်ရေး ဆောင်ရွက်လျက်ရှိသော ဆယ်အိမ်တန်းကမ်းခြေ၏အလှ။

**သန်းထိုက်**
**ဓာတ်ပုံ – သန်းစိုး**

## အင်းတော်ကြီးဒေသ၌ ဆင်ဖမ်းဆီးရေးအဖွဲ့အား ဂုဏ်ပြု

**မိုးညှင်း ဇန်နဝါရီ ၁**– ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ၌ မုန်ယိုနေသည့်ဆင်အား ဖမ်းဆီးပေးခဲ့သည့် ကောလင်းမြို့မှ ဆင်ဖမ်းဆီးရေးအဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အင်းတော်ကြီးဒေသ ညောင်ထောက်ကျေးရွာ အောက်ရွှေမှော်၌ မုန်ယိုကာ လူသေဆုံးသည်အထိ ဒေသခံပြည်သူများအား အန္တရာယ်ပြုနေသည့် အောင်ဘုအမည်ရှိ အိမ်မွေးဆင်အထီးအား ကွန်ဂျီဆင်သုံးကောင်၊ မေ့ဆေးသေနတ်နှစ်လက်ဖြင့် ပစ်ခတ်ဖမ်းဆီးပေးခဲ့သည့် ကောလင်းမြို့မှ ဆင်ဆရာဝန်ဒေါက်တာ မျိုးမင်းအောင်နှင့် ဆင်ဖမ်းဆီးရေးအဖွဲ့အား ဂုဏ်ပြုသောအားဖြင့် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ချီးမြှင့်ငွေကျပ် ၁၁ သိန်းနှင့် ဆန်နှစ်အိတ်၊ ဆင်ဖမ်းဆီးရာတွင် ဒဏ်ရာရရှိခဲ့သည့် ဆင်ဦးစီးဦးသိန်းထွန်းအတွက် ဆေးကုသစရိတ်ငွေကျပ် ၁၀ သိန်းတို့ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ယာဉ်စည်းကမ်းလိုက်နာသူများအား ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေပေး

**မလှိုင် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီမှ ၁၀ နာရီခန့်ထိ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေခြင်းကို မြို့နယ်လမ်းဆုံမီးပွိုင့်၌ ဆောင်ရွက်ခဲ့သည်။

ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ ဖြန့်ဝေခြင်းဆောင်ရွက်ရာသို့ မလှိုင်မြို့နယ် မဲဆန္ဒနယ်မြေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်နှင့် ရဲတပ်ဖွဲ့ဝင် ၁၅ ဦး၊ မိတ္ထီလာခရိုင်အမှတ် ၉၆ ယာဉ်ထိန်းရဲတပ်ဖွဲ့စု ဒုရဲမှူး ရန်နိုင် တက်ရောက်ပါဝင်ကြသည်။




ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ ဆိုင်ကယ်စီးဦးထုပ်များ ဖြန့်ဝေနိုင်ရေးပံ့ပိုးကူညီပေးသော (k ဟိန်း) ဆိုင်ကယ်ရောင်းဝယ်ရေးမှ ပိုင်ရှင် ဦးညီညီဝေထွန်းနှင့် ဝန်ထမ်းတို့က ယာဉ်လိုင်စင်၊ လူလိုင်စင်နှင့် ဆိုင်ကယ်ဦးထုပ် ဆောင်းသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာသူများအား ဂုဏ်ပြုသောအားဖြင့် ဆိုင်ကယ်စီးဦးထုပ် ၁၃၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# သက်ပြည့်ပင်စင်နှင့် နာရေးပင်စင်ထောက်ပံ့

**ကျောင်းကုန်း ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် "ထာဝရသစ္စာ"ပညာရေး မိသားစုပရဟိတအဖွဲ့မှ သက်ပြည့်ပင်စင်ယူသွားသော အ.မ.ကရောင်ပြစ်ကွင်းကျောင်းအုပ်ဆရာမကြီးဒေါ်နွဲ့နွဲ့အေးနှင့် ကွယ်လွန်သူ အ.လ.က ကြာဂရက်ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းပိုင် တို့အတွက် ထောက်ပံ့ငွေလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံးတွင် ပြုလုပ်ခဲ့သည်။

ကျောင်းကုန်းမြို့နယ်ရှိ ဆရာ ဆရာမများကလည်း သက်ပြည့်ပင်စင်ယူသွားသူအား ငွေကျပ် ၂၅ သိန်းကျော်နှင့် ကွယ်လွန်သူ၏ဇနီးအား ငွေကျပ် ၁၆ သိန်းကျော် ထောက်ပံ့ပေးအပ်ခဲ့သည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# အသက် ၈၀ နှင့်အထက် အဘိုးအဘွားများအား ထောက်ပံ့

**သုံးခွ ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီးသုံးခွမြို့တွင် TRI စေတနာကွန်ရက်၏စီစဉ်မှုဖြင့် အသက် ၈၀ နှင့်အထက် သက်ကြီးနွမ်းပါး အဘိုးအဘွား ၉၅ ဦးအား ဦးနေအေး (ဓနမိတ္တာမိသားစု)က(၃)နှစ်မြောက် နှစ်သစ်ဦးအလှူအဖြစ် အဘိုးအဘွား တစ်ဦးလျှင် ဆန်လေးပြည်၊ ဆီငါးဆယ်ကျပ်သား၊ ကွေကာအုပ်တစ်ပါကင်၊ ငါးသေတ္တာနှစ်ဘူး၊ ကြာဆံထုပ်နှစ်ထုပ်၊ ကြက်ဥငါးလုံးစီ စုစုပေါင်းကျပ်ကိုးသိန်းငါးသောင်းတန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို ယနေ့နံနက်ပိုင်းက TRI စေတနာကွန်ရက်အဖွဲ့ဝင်များက အလှူရှင်မိသားစုနှင့်အတူ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များပူးပေါင်းကာ နေအိမ်များသို့ လိုက်လံလှူဒါန်းကြခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ပြည်သူများ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး ကူးတို့ရေယာဉ်များအား စစ်ဆေး

**အောင်လံ ဇန်နဝါရီ ၁**

လုပ်သားပြည်သူများ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် အောင်လံမြို့နှင့် သရက်မြို့ တို့သို့ ဧရာဝတီမြစ်ကြောင်းကို ဖြတ်ကူးပြေးဆွဲနေသော ကူးတို့လုပ်ငန်းမှ စက်တပ်(ပဲ့ထောင်) ရေယာဉ်များ သက်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိမရှိအခြေအနေများအား စစ်ဆေးခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက အောင်လံဘက်ကမ်း ကူးတို့ဆိပ်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ယင်းသို့ ဆောင်ရွက်ရာတွင် သရက်မြို့နယ်မှ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် "နန်းထိုက်ဟိန်း" သရက်-အောင်လံ ဇက်ကူးတို့လုပ်ငန်းတို့မှ တာဝန်ရှိသူများသည် စက်လှေများ၌ ရေယာဉ်ကြံ့ခိုင်မှု၊ ကုန်းပေါင်၊ စက်အခြေအနေကောင်းမကောင်းတို့နှင့် ယာဉ်လိုင်စင်၊ ယာဉ်မောင်းကတ်၊ အချက်ပြမီး၊ အရန်ဆီနှင့် အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဖောကွင်းပါရှိမှု အခြေအနေများအား စစ်ဆေးခြင်း၊ ပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

# သီပေါ၌ ပြည်သူ့စကားဝိုင်းကျင်းပ

**သီပေါ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ "ကျေးလက်ဒေသဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဒီဇင်ဘာ ၃၁ ရက်က နမ့်လန်မြို့လယ်ကျောင်းမဇ္ဈိမာရာမ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်နီလာစိုးက ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားကာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၊ ကျေးလက်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးလှစိုး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နန်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်၊ မြို့နယ်လဝကဦးစီးမှူး ဦးစိုင်းထွန်းအေး၊ မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ဝေမိုးသူတို့က ဦးဆောင်ဆွေးနွေးကြသည်။ တက်ရောက်လာသော ဒေသခံပြည်သူများ၏ မေးမြန်းမှုများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**စိုင်း(သီပေါ)**




# ဟိုပင်၌ အခြေခံရှေးဦးသူနာပြုစုနည်း သင်တန်းဆင်း

**ဟိုပင် ဇန်နဝါရီ ၁**

ကချင်ပြည်နယ် ဟိုပင်မြို့ အရှေ့ဘုန်းတော်ကြီးကျောင်း၏ပညာဘဏ်အခမဲ့စာသင်ကျောင်း၌ ဟိုပင်မြို့ကြက်ခြေနီအသင်းက အခြေခံရှေးဦးသူနာပြုစုနည်းသင်တန်း ၂/၂၀၁၉ သင်တန်းဆင်းပွဲကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က ကျင်းပခဲ့ရာ ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးဝေလင်းအောင်နှင့် မိုးညှင်းခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဦးမြင့်ဦးငယ်တို့က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ပညာဘဏ်အခမဲ့ပညာရေးကျောင်းမှ ဆရာဦးဌေးဝင်းက သင်တန်းဖွင့်ရခြင်း ရည်ရွယ်ချက်များပြောကြားကာ ဟိုပင်မြို့ကြက်ခြေနီအသင်းခွဲငယ်ဥက္ကဋ္ဌ ဦးစိုးတင့်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို မိုးညှင်းမြို့မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ တတိယတန်း ဦးစီးမှူး ဦးဇော်နိုင်ထွန်းနှင့် သင်တန်းနည်းပြဆရာ နှစ်ဦးတို့က ကြက်ခြေနီလှုပ်ရှားမှုနှင့် အခြေခံမူ ခုနစ်ချက်ကြက်ခြေနီ သင်္ကေတ၊ ရှေးဦးသူနာပြုစုခြင်း သဘောတရားနှင့် ရှေးဦးပြုစုသူ၏ တာဝန်ဝတ္တရားများ၊ လူနာဆန်းစစ်ခြင်း၊ ဒဏ်ရာများနှင့်သွေးယိုစီးခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ အခြေခံအသက်အထောက်အကူပြုနည်းနှင့် ဆို့နင်ခြင်း၊ အပူလောင်ခြင်းနှင့်အရည်ပူလောင်ခြင်း၊ အဆိပ်သင့်ခြင်း၊ သတ္တဝါများကိုက်ခြင်း၊ တုပ်ခြင်းနှင့် မြွေကိုက်ခြင်း၊ အရိုး၊ အဆစ်နှင့် ကြွက်သားဒဏ်ရာများ၊ ကြပ်အသုံးပြုပုံနှင့် RICE စည်းနည်း၊ အထွေထွေအခြေအနေများ၊ ဆေးထည့်ခြင်းနှင့် ပတ်တီးစည်းခြင်း၊ ဦးခေါင်းနှင့် ကျောရိုးတန်းမဒဏ်ရာ၊ သတိလစ်ခြင်း၊ အရေးပေါ် ကလေးမွေးဖွားခြင်း၊ စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း မိတ်ဆက်၊ ကိုင်တွယ်ခြင်းနှင့် သယ်ယူခြင်း အစရှိသော ပညာရပ်များကိုကျောင်းသားကျောင်းသူသင်တန်းသား ၆၀ တို့အား ငါးရက်ကြာ သင်ကြားပို့ချဆွေးနွေးခဲ့ကြကြောင်း သိရသည်။

